ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်၊ တနင်္ဂနွေနေ့၊ (19-2-2006) (၄၇၇၆)

နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှု တစ်နေ့တခြား တိုးတက်ခိုင်မြဲလျက်ရှိ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သိပ္ပံနှင့်နည်းပညာ စသည့်ကဏ္ဍစုံတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် ဆန္ဒရှိ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း

တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုကို အလေးထား သီလဝါ အထူးစီးပွားရေးဇုန်ထူထောင်မှုကို အဆက်မပြတ် ကူညီသွားမည် ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို မြန်မာနိုင်ငံနှင့် ပိုမိုဆောင်ရွက်လို

ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက် ညနေ ၅ နာရီ ၁၅ မိနစ်တွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး၏ မြောက်ဘက်ခန်းမကြီး၌ ကျင်းပသည်။

ကြိုဆိုနှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့သည် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်ရန် ခေတ္တတည်းခိုသည့် ပေကျင်းမြို့ ထျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာမှ ပြည်သူ့ခန်းမဆောင်ကြီးသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြရာ ပြည်သူ့ခန်းမဆောင်ကြီး၏ မြောက်ဘက်ဝင်ပေါက်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✪

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တွေ့ဆုံ ဆွေးနွေး

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့ ပြည်သူ့ခန်းမဆောင်ကြီး၏ အရှေ့ဘက်ခန်းမကြီး၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၉-၂-၂၀၀၆
(တနင်္ဂနွေနေ့)

မြန်မာ့ခရီးသွားလုပ်ငန်းမြှင့်တင် သဘာဝအခြေခံကောင်းများ ထိထိမိမိအသုံးပြု

မြန်မာနိုင်ငံသည် သဘာဝတောတောင် ရေမြေသစ်တောသစ်ပင်များဖြင့် စိမ်းလန်းစိုပြည်သာယာမှုရှိသည်။ ဒေသအလိုက် ထူးခြားသော မြေမျက်နှာသွင်ပြင်အနေအထား၊ ဒေသခံလူမျိုးစုတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့် ရိုးရာကုန်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများသည် သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖော်ဆောင်ရန် အလားအလာကောင်းများပင်ဖြစ်သည်။

တည်ငြိမ်အေးချမ်းသောနိုင်ငံမှ ယဉ်ကျေးသိမ်မွေ့သော တိုင်းရင်းသား ပြည်သူများ၏ နွေးထွေးဖော်ရွေမှုများသည် ကမ္ဘာလှည့်ခရီးသည်များ ကြည်နူးချမ်းမြေ့စွာ လာရောက်လည်ပတ်နိုင်ရန် အခြေအနေကောင်းများပင်ဖြစ်သည်။

ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းသည် နိုင်ငံတကာတွင် အောင်မြင်မှုရရှိနေသည့် စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်သည်။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတွင် ဝန်ဆောင်မှုကဏ္ဍ၏ တစ်စိတ်တစ်ဒေသအဖြစ် ဆောင်ရွက်ရင်း ခရီးသွားလုပ်ငန်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ ခရီးသွားမြှင့်တင်ရေးဘုတ်အဖွဲ့ကို ဖွဲ့စည်းပေးထားပြီးဖြစ်ရာ ခရီးသွားလုပ်ငန်းကော်မတီ၊ ဟိုတယ်လုပ်ငန်း ကော်မတီနှင့် မြန်မာ့ခရီးသွားဈေးကွက်ကော်မတီတို့ ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းရာတွင် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းကို အလေးထား၍ ဖော်ဆောင်သွားကြရန်လိုအပ်သည်။ မြန်မာနိုင်ငံတွင် ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားသည့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် အဆောက်အအုံလက်ရာများ ကြွယ်ဝသည်။ သာယာလှပကျယ်ပြောသည့် ပင်လယ်ကမ်းခြေများ၊ ဆီးနှင်းဖုံးလွှမ်းနေသည့် တောင်တန်းများ၊ သစ်တောအတွင်း အပန်းဖြေခရီးသွားစခန်းများဖြင့်လည်း ပြည့်စုံလျက်ရှိသည်။

သဘာဝအခြေခံခရီးသွားလုပ်ငန်းသည် လူသားများအပန်းဖြေမှုတွင် အရေးပါလှသည်။ ဇီဝမျိုးစုံကုံလုံကြွယ်ဝမှုသည် လူသားများအသက်ရှင်နေထိုင်နိုင်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပေးနိုင်သည်သာမက လူသားများအတွက် စိတ်ပိုင်းဆိုင်ရာ ကြည်နူးနှစ်သိမ့်မှုကိုလည်း ဖြည့်ဆည်းပေးနိုင်သည်။

ထို့ကြောင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများ ဖော်ဆောင်နိုင်သည့် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်၊ ပုပ္ပားတောင်ဥယျာဉ်၊ လော်ကားဥယျာဉ်၊ အထက်ရွှေစက်တော် ချပ်သင်းဘေးမဲ့တော၊ အင်းလေးကန်ဘေးမဲ့တောများကို ခေတ်မီနည်းစနစ်များဖြင့် စနစ်တကျ ထိန်းသိမ်းကာကွယ်ထားရှိသည်။

မြန်မာနိုင်ငံမြောက်ဘက်ဖျားရှိ ပူတာအိုနှင့် ခါကာဘိုရာဇီဒေသတို့မှာ စွန့်စွန့်စားစားသွားလာလိုသူ ခရီးသွားတို့စိတ်ဝင်စားမည့် ဒေသများဖြစ်သည်။လှပသောပလေီ၊ ချောင်းသာ၊ ငွေဆောင်နှင့် မောင်းမကန်စသည့် ပင်လယ်ကမ်းခြေ ဒေသများမှာ ကမ္ဘာလှည့်ခရီးသည်များ လွယ်ကူစွာ သွားလာနိုင်သော အပန်းဖြေစရာဒေသများဖြစ်ပေသည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်အတွက်သာမက ဟိုတယ်၊မိုတယ်လုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်းကုမ္ပဏီများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်များ၊ ကုန်သွယ်စီးပွား လုပ်ကိုင်နေကြသူများ၊ လက်မှုပစ္စည်းများ ထုတ်လုပ်သူများနှင့် ဒေသခံပြည်သူများအတွက်ပါ ဘက်စုံအကျိုးစီးပွား ဖြစ်ထွန်းစေသော လုပ်ငန်းတစ်ရပ်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း မြှင့်တင်ရေးနှင့်သက်ဆိုင်သည့် ကော်မတီအသီးသီးနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သွယ်စီးပွား လုပ်ဆောင်နေသူများအားလုံးက သဘာဝအခြေခံကောင်းများကို အကျိုးရှိရှိ ထိထိမိမိ အသုံးပြုပြီး မြန်မာ့ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်ထောင်စုနေ့ အဝိဋ္ဌာန်

“တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲပါက လွတ်လပ်ရေးဆုံးရှုံးမည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် အရောက်ချီတက်ကြပါစို့”

ဓမ္မပူဇာတရားပွဲများ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ သဒ္ဓမ္မဘာဝိတ ဓမ္မာရုံကြီးတွင် ဓမ္မပူဇာတရားပွဲများအဖြစ် ဖေဖော်ဝါရီ ၂၂ရက်တွင် အရှင်ကောဝိဒ (မရှိမဂုဏ်ရည် ဆရာတော်)၊ ၂၃ရက်တွင် အရှင်စန္ဒောဘာသ(စိုက်ပျိုးရေးဓမ္မဗိမာန် ကျောင်း)၊ ၂၄ရက်တွင် အရှင်ကောသလ္လ (ဓမ္မစေတီဆရာတော်)၊၂၅ရက်တွင် အရှင်အရဝိန္ဒာဘိဝံသ(ရွှေလင်းယုန်ဆရာတော်)တို့က ညစဉ် ၆နာရီမှစ၍ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မင်္ဂလာဈေးဓမ္မာရုံတရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်ကြားတောရလမ်း ဗဟန်းမြို့နယ် မင်္ဂလာဈေး ဓမ္မာရုံတော်ကြီးတွင် ဝါပအထူးတရားပွဲအဖြစ် ဖေဖော်ဝါရီ ၁၉ရက်တွင် ကိုးဘွဲ့ရ ဓမ္မာစရိယ ဘဒ္ဒန္တ အာစာရာလင်္ကာရ (ရွှေဟင်္သာတိုက်သစ် စစ်ကိုင်း)၊ ၂၀ရက်နှင့် ၂၁ရက်တို့တွင် မေတ္တာရှင် အရှင်ဇဝန (ရွှေပြည်သာ) ဆရာတော်တို့က ည ၇နာရီခွဲမှစ၍ ဟောကြား တော်မူမည်ဖြစ်ကြောင်းသိရသည်။

(က-ပ)

မြန်မာနိုင်ငံ၌ ခြံစည်းရိုးကြက်ဆူပင်မှ ဇီဝဒီဇယ်ဆီ အောင်မြင်စွာ ထုတ်လုပ်နိုင်ပြီ

ဘက်စုံအသုံးဝင် ခြံစည်းရိုးကြက်ဆူပင်

ခြံစည်းရိုးကြက်ဆူစေ့ကို ကြိတ်၍ရရှိသော အဆီအား အနည်အနှစ်များ ပြောင်စင်အောင် အဝတ်စဖြင့်စစ်ပြီး ဒီဇယ်အင်ဂျင်များတွင် လောင်စာဆီအဖြစ် တိုက်ရိုက်အသုံးပြုနိုင်သည်။ ခြံစည်းရိုးကြက်ဆူဆီကို စက်မှုလယ်ယာဦးစီးဌာနရှိ လယ်ထွန်စက်များတွင် စမ်းသပ်သုံးစွဲ မောင်းနှင်ကြည့်ရာမှ အောင်မြင်မှုရရှိလာခြင်းဖြစ်သည်။

အလုပ်အကိုင်အခွင့်အလမ်းများတိုးပွား

ခြံစည်းရိုး ကြက်ဆူပင်သည် စက်သုံးဆီအစားထိုး ဇီဝဒီဇယ်ဆီအဖြစ် ထုတ်လုပ်နိုင်ရုံမျှမက ကြိတ်ဖတ်ကို သဘာဝမြေဩဇာအဖြစ် အသုံးပြုနိုင်ခြင်း၊ ကိုင်းခြောက်ကို ထင်းအစားထိုးသုံးနိုင်ခြင်း၊ အပင်ကို ခြံစည်းရိုးပင်၊ လေကာပင်အဖြစ် အသုံးပြုနိုင်ခြင်း၊ မြေဆီလွှာပြုန်းတီးမှုကို ကာကွယ်နိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ခြင်းတို့အပြင် စီးပွားဖြစ် စိုက်ခင်းများ စိုက်ပျိုးလာကြသဖြင့် ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာပါသည်။

စက်မှုကုန်ကြမ်းအဖြစ်ပါအသုံးပြုနိုင်

ထိုမျှသာမက ဆေးဖက်ဝင်အပင်ဖြစ်သဖြင့် အရွက်၊ အစေ့၊ အဆီများကို အိမ်သုံးဆေးဝါးအဖြစ် အသုံးပြုနိုင်သည်။ ကြက်ဆူပင်မှ ထုတ်ယူ ရရှိသော အနှစ်ဓာတ်ပေါင်းတွင် ပိုးသတ်ဆေးအာနိသင် ပါရှိသဖြင့် ပိုးမွှားကာကွယ်ဆေးအဖြစ်ပါအသုံးပြုနိုင်သည်။ဆပ်ပြာချက်လုပ်ရာတွင်လည်းကောင်း၊ဆေးဝါးဖော်စပ်ရာတွင်လည်းကောင်း၊အလှကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင်လည်းကောင်း စက်မှုကုန်ကြမ်းအဖြစ် အသုံးပြုနိုင်သော အပင်ဖြစ်ပါသည်။

ဇီဝဒီဇယ်ဆီ စက်မှုကုန်ကြမ်းသာမက ဆေးဖက်ဝင်အပင်အဖြစ်ပါ အသုံးဝင်သော ခြံစည်းရိုးကြက်ဆူပင်နှင့် အသီးကို တွေ့ရစဉ်။

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ရေကျော်ရပ်ကွက် စပယ်လမ်းနေ ကွယ်လွန်သူ ဖခင်ကြီး ဦးခင်မောင်နှင့် မိခင် ဒေါ်အုန်းစိန်တို့အားရည်စူး၍ သမီး ဒေါ်သန်းသန်းရီ မိသားစုက ပုဇွန်တောင်မြို့နယ်မဟာညောင်ကုန်းကျောင်းတိုက် မဟာစည်သြဝါဒခံ လယ်တီစံ သာသနာ့ရိပ်သာတွင် တည်ဆောက်လျက်ရှိသော သုံးထပ်မဂ္ဂင်ကျောင်းတော်ကြီး အတွက် ငွေကျပ်တစ်သိန်းကို လယ်တီစံရိပ်သာ အကျိုးတော်ဆောင် ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဧရာဝတီတိုင်း သတင်းအချက်အလက်နည်းပညာပြပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှု Management Scientific & Information Technology Group ၏ စီစဉ်မှုတို့ဖြင့် ပထမအကြိမ် ဧရာဝတီတိုင်း သတင်းအချက်အလက်နည်းပညာပြပွဲ (First ICT Exhibition Ayeyarwady) ကို ၂၅-၂-၂၀၀၆ မှ ၂၆-၂-၂၀၀၆အထိ ပုသိမ်မြို့ ဧရာရွှေဝါခန်းမတွင် ကျင်းပမည်ဖြစ်သည်။

ပြပွဲတွင် Accel International Co.,Ltd, Citicom Computer, Computopia Computer, Concordia International Co., Ltd, Golden Power Technology Co., Ltd, Lucky Bird Co., Ltd, Myanmar Unique Computer Ltd, Management Scientific & Information Computer Training Centre, Perfect Image Co., Ltd, Smart Computer Technology, Spring Technologies & System Co., Ltdတို့မှ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းမျိုးစုံကို လာရောက်ပြသကြမည်ဖြစ်သည်။ (သတင်းစဉ်)

ဒဂုံမြို့သစ်မြောက်ပိုင်း မြို့နယ် အမက(၂၂) ပညာရည်ချွန်ဘက်စုံထူးချွန်ဆုပေးပွဲတွင် သူငယ်တန်းမှစတုတ္ထတန်းအထိငါးနှစ်ဆက်တိုက်ပထမဆုရရှိသော မရွှန်းလဲ့အောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်အုန်းမြင့် ဆုချီးမြှင့်စဉ်။ (၆၃)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များ ဗုဒ္ဓစွယ်တော်မြတ်အား ဖူးမြော်ကြည်ညို

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၅ရက် နံနက် ၉နာရီတွင် ပေကျင်းမြို့ရှိ ဗုဒ္ဓစွယ်တော်မြတ် ကိန်းဝပ်စံပယ်တော်မူသည့် Ling Guang Si Buddhist Templeသို့ ရောက်ရှိကြရာ တရုတ်ဗုဒ္ဓဘာသာအသင်းမှ တာဝန်ရှိသူများ၊ ဗုဒ္ဓဘာသာအသင်းဝင်များက ကြိုဆိုကြသည်။

ရှင်းလင်းမြွက်ကြား

ထို့နောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း၊ ဇနီးဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များသည် တရုတ်ဗုဒ္ဓဘာသာ အသင်း ဒုတိယဥက္ကဋ္ဌ Ling Guang Si Buddhist Temple ဆရာတော် စိန်ဇေ့နှင့် ဗုဒ္ဓစွယ်တော်မြတ်အား စောင့်ရှောက်လျက်ရှိသည့် ဆရာတော်များအား ဖူးမြော်ကြည်ညိုကြရာ တရုတ်ဗုဒ္ဓဘာသာအသင်း ဒုတိယ ဥက္ကဋ္ဌ ဆရာတော် စိန်ဇေ့က ဗုဒ္ဓစွယ်တော်မြတ် သမိုင်းကြောင်း၊ မြန်မာနိုင်ငံသို့ ဗုဒ္ဓစွယ်တော်မြတ်ကြွရောက် အပူဇော်ခံခဲ့မှု၊ ဗုဒ္ဓစွယ်တော်မြတ် ဂန္ဓကုဋိတိုက်၌ မြန်မာနိုင်ငံမှ လှူဒါန်းထားသည့် ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော် ကိန်းဝပ်စံပယ်နေမှုများကို ရှင်းလင်းမြွက်ကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဗုဒ္ဓစွယ်တော်မြတ်အတွက် အလှူငွေများကို ဆရာတော်စိန်ဇေ့အား လှူဒါန်းကြသည်။ ဆက်လက်၍ ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် ဆရာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော် စိန်ဇေ့က ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များအား ဓမ္မလက်ဆောင်များ ချီးမြှင့်သည်။

လှူဒါန်း

ယင်းနောက် ဗုဒ္ဓစွယ်တော်မြတ် ဂန္ဓကုဋိတိုက်ရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုကြရာ ဆရာတော်များက ဗုဒ္ဓဂုဏ်တော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓစွယ်တော်မြတ်နှင့် မြန်မာနိုင်ငံမှ လှူဒါန်းထားသည့် ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်တို့ကို ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဗုဒ္ဓစွယ်တော်မြတ် ဂန္ဓကုဋိတိုက် ပရိဝုဏ်အတွင်းရှိ မြန်မာတန်ဆောင်းသို့ သွားရောက်ကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ လှူဒါန်းထားသည့် ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြသည်။

ဖူးမြော်ကြည်ညို

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များသည် ဆရာတော်စိန်ဇေ့နှင့် တရုတ်ဗုဒ္ဓဘာသာအသင်းမှ တာဝန်ရှိသူများနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုသည့် ထျောက်ယူထိုင် နိုင်ငံတော် ဧည့်ဂေဟာသို့ ပြန်လည် ရောက်ရှိကြသည်။

ပြန်လည်ရောက်ရှိ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း၊ ဇနီးဒေါ်သန်းသန်းနွဲ့နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ဖေဖော်ဝါရီ ၁၄ရက်မှ ယနေ့အထိ ချစ်ကြည်ရေးခရီး လည်ပတ်ပြီးနောက် ယနေ့ ညနေပိုင်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ပြန်လည်ရောက်ရှိကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ၎င်းတို့၏ ဇနီးများက ကြိုဆိုကြသည်။

(သတင်းစဉ်)

ဗုဒ္ဓစွယ်တော်မြတ်နှင့် ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော် ဖူးမြော်ကြည်ညို

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များ ဗုဒ္ဓစွယ်တော်မြတ်နှင့် မြန်မာနိုင်ငံမှ လှူဒါန်းထားသည့် ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်တို့ကို ဖူးမြော်ကြည်ညိုကြစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း၊ ဇနီးဒေါ်သန်းသန်းနွဲ့နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များ ဆရာတော်စိန်ဇေ့ နှင့် တရုတ်ဗုဒ္ဓဘာသာအသင်းမှ တာဝန်ရှိသူများနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉–၂–၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော်ဦးဃောသိတ တရားတော် –ပဋိစ္စသမုပ္ပါဒ်အခြေခံ
၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁ ၁၁။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၁၅ ၄။ ကျန်းမာသုတ
၁၂:၃၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၅၀ ၆။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် –ချစ်ပန်းနေကြာ(အပိုင်း–၂) ဇာတ်သိမ်း**
၁:၅၀ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၁:၅၉ ၈။ အပိတ်နှုတ်ဆက်စကား
၂:၀၀ ၉။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၃၅ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀ ၅။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၇။ နိုင်ငံတကာသတင်း
၆:၂၀ ၈။ မိုးလေဝသသတင်း
၆:၂၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၀။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – နေခြည်ဖြာမှ (အပိုင်း–၁၄)**
၈:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၄။ ပဟေဠိနန်းတော်
၁၅။ **ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်**
၁၆။ **FA-Cup ဘောလုံးပွဲအစီအစဉ် –Chelsea Vs Colchester united**
၁၇။ သင့်အတွက်မနက်ဖြန်
၁၈။ အပိတ်နှုတ်ဆက်စကား
၁၉။ ပြီးပါပြီ။

အီတလီလူမျိုး အကူအညီပေးရေး လုပ်သားနှစ်ဦး အာဖဂန်နစ္စတန်တွင် သေဆုံး

ရောမ ဖေဖော်ဝါရီ ၁၇

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော် ကဘူးတွင် အီတလီလူမျိုး အကူအညီပေးလုပ်သားနှစ်ဦး ၎င်းတို့၏အိပ်ရာတွင် သေဆုံးနေကြောင်း၊ ကာဘွန်မိုနော့ဆိုက်အဆိပ်ငွေ့ ရှူရှိုက်မိသဖြင့် သေဆုံးဖွယ်ရှိကြောင်း အီတလီနိုင်ငံခြားရေးဝန်ကြီးဌာနက ကြာသပတေးနေ့တွင် ပြောကြားသည်။

သေဆုံးသွားသူ နှစ်ဦး၏ ကိုယ်ခန္ဓာတွင် အကြမ်းဖက်ဒဏ်ခံရသည့် အထောက်အထားများ မတွေ့ရဟု အခင်းဖြစ်ပွားရာသို့သွားခဲ့သူ ကဘူးရှိ အီတလီသံအမတ်ကြီး အက်တိုရီဖရန်ဆက်စကိုမီကွိုက ပြောကြားကြောင်း အီတလီအန်ဆာသတင်းဌာနက ဖော်ပြသည်။

၎င်းတို့နေထိုင်ရာ ခြံဝိုင်းအတွင်း မီးဖိုတစ်ခုပျက်စီးချို့ယွင်းမှုကြောင့် ကာဘွန်မိုနော့ဆိုက်ဓာတ်ငွေ့များ ပေါ်ထွက်လာပြီး ရှူရှိုက်မိခဲ့ကာ သေဆုံးခဲ့ခြင်းဖြစ်နိုင်သည်ဟု စုံစမ်းစစ်ဆေးရေးမှူးက ပြောကြားသည်။

၎င်းတို့သည် စေတနာ့ဝန်ထမ်း အကူအညီပေးဝန်ထမ်းများဖြစ်ကြပြီး အီယံဒီအိုင်ယန်နယ်လီနှင့် စတီဖင်နိုဆာရင်ဂိုတို့ဖြစ်သည်။ အိုင်ယန်နယ်လီသည် အာဖဂန်နစ္စတန်နိုင်ငံ၏ တရားရေးစနစ် ကောင်းမွန်စေရန်အတွက် လာရောက်ကာ အကူအညီပေးနေခြင်းဖြစ်သည်။ ဆာရင်ဂိုသည် အီတလီနိုင်ငံခြားရေးဝန်ကြီးဌာနက အလုပ်ခန့်ထားသူတစ်ဦးဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့ရှိ အီတလီအကူအညီပေးရေးလုပ်သားနှစ်ဦး သေဆုံးခဲ့သော တည်းခိုခန်းရှေ့တွင် လုံခြုံရေးစောင့်နေသော အပေါင်းပါတပ်ဖွဲ့ဝင်တစ်ဦးကို ဖေဖော်ဝါရီ ၁၆ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဗီယက်နမ်၌ သံမဏိဖြတ်စများ ပိုမိုတင်သွင်းရန် စီစဉ်လျက်ရှိ

ဟနွိုင်း ဖေဖော်ဝါရီ ၁၇

ဗီယက်နမ်နိုင်ငံသည် ၂၀၀၆ ခုနှစ်တွင် သံမဏိဖြတ်စပေါင်း တန်ချိန်တစ်သန်း၊ ၂၀၀၇ ခုနှစ်တွင် တန်ချိန် နှစ်သန်း တင်သွင်းရန် စီစဉ်လျက်ရှိကြောင်း၊ ၂၀၀၅ ခုနှစ်တွင် သံမဏိ တန်ချိန် ၂၀၀၀၀၀ ခန့်သာ တင်သွင်းခဲ့ရာမှ ယခုတင်သွင်းမှုပမာဏသည် များပြားလာခဲ့ကြောင်း ဗီယက်နမ်သံမဏိလုပ်ငန်းအဖွဲ့က ဖေဖော်ဝါရီ ၁၆ ရက်တွင် ဖော်ပြခဲ့သည်။

ဗီယက်နမ်နိုင်ငံတွင် ယခုနှစ်၌ သံမဏိထုတ်လုပ်သော စက်ရုံသစ်အချို့ လည်ပတ်မှုကြောင့် သံမဏိဖြတ်စတင်သွင်းမှု များပြားလာရခြင်းဖြစ်သည်။ ထို့အပြင် ဒေသဆိုင်ရာ သံမဏိထုတ် လုပ်သူအများစုသည် သံမဏိဖြတ်စများကို ပြန်လည်အသုံးပြုကြပြီး၊ နိုင်ငံတွင်း၌ သံမဏိများ ဝယ်ယူရန် ခဲယဉ်းမှုကြောင့် ဖြစ်သည်ဟု ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၀၅ခုနှစ်တွင် သံမဏိလုံးနှင့် သံမဏိကုန်ချောတန်ချိန် ၅ဒသမ၆သန်းတင်သွင်းခဲ့ရာ စုစုပေါင်းအမေရိကန်ဒေါ်လာ သုံးဘီလီယံကုန်ကျကြောင်း၊ ၂၀၀၄ခုနှစ်ကထက် ပမာဏအားဖြင့် ၈ဒသမ၇ရာခိုင်နှုန်းနှင့်တန်ဖိုးအားဖြင့် ၁၆ရာခိုင်နှုန်းများပြားလာကြောင်း ဗီယက်နမ်နိုင်ငံ ဗဟိုစာရင်းရုံး စာရင်းအင်းများအရသိရှိရသည်။ ယမန်နှစ်က အမေရိကန်ဒေါ်လာ ၈၆၃သန်းတန်ဖိုးရှိသော သံမဏိလုံးတန်ချိန် ၂ဒသမ၃သန်း တင်သွင်းခဲ့သည်။

ဗီယက်နမ်နိုင်ငံတွင် သံမဏိသုံးစွဲမှုသည် ၂၀၀၅ခုနှစ်၌ တန်ချိန်သုံးသန်းရှိပြီး ၂၀၀၄ခုနှစ်ကထက် ၁၀ရာခိုင်နှုန်းပိုမိုများပြားလာသည်။ အဆိုပါနိုင်ငံ၌ သံမဏိထုတ်လုပ်မှုမှာ နှစ်စဉ် တန်ချိန် ၅ဒသမ၆သန်း ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပရေရီခွေးမျိုး မျိုးမသုဉ်းရေး ကာကွယ်ရန်လို

ဆန်တာဖေးလ် ဖေဖော်ဝါရီ ၁၇

မြောက်အမေရိကတိုက်ရှိ ပရေရီမြက်ခင်းပြင်တွင် နေထိုင်ကျက်စားသော ပရေရီခွေးမျိုးကို မျိုးသုဉ်းမည့်ဘေးအန္တရာယ် ကျရောက်နေသော တိရစ္ဆာန်များစာရင်းတွင် ထည့်သွင်းပေးရန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း စောင့်ရှောက်ရေးအုပ်စုများက တောင်းဆိုထားသော်လည်း ယင်းတောင်းဆိုချက်ကို အမေရိကန်အစိုးရက လက်ခံခြင်းမရှိသေးကြောင်း ဖေဖော်ဝါရီ ၂၅ရက်တွင် ပြောကြားသည်။

ပရေရီခွေးမျိုးကို မျိုးသုဉ်းခြင်းမရှိစေရန်ဥပဒေဖြင့်ကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်ကြောင်း ဆန်တာဖေးလ်မြို့ အခြေစိုက် သစ်တောထိန်းသိမ်းစောင့်ရှောက်သူများအဖွဲ့က အခြားသောသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်း ၇၃ခုနှင့်အတူ အစိုးရအား တင်ပြခဲ့သည်။ ***အင်တာနက်။***

ဂွာတာနာမိုအကျဉ်းစခန်းမှ အကျဉ်းသားများအားလွှတ်ပေးရန် အမေရိကန်ကို ကုလသမဂ္ဂက တိုက်တွန်း

ဂျီနီဗာ ဖေဖော်ဝါရီ ၁၇

ကျူးဘားနိုင်ငံ ဂွာတာနာမိုပင်လယ်အော်ရှိ အမေရိကန်အကျဉ်းစခန်းတွင် ချုပ်နှောင်ထားသည့် အကျဉ်းသားအားလုံးကို လွှတ်ပေးရန် သို့တည်းမဟုတ် လွှတ်ပေးရေးအတွက် ကြိုးပမ်းရန်နှင့် ယင်းအကျဉ်းစခန်းကို ပိတ်ပစ်ရန် ကုလသမဂ္ဂက အမေရိကန်ကို တိုက်တွန်းနှိုးဆော်လိုက်သည်။

အမေရိကန်အစိုးရက အဆိုပါ ဂွာတာနာမို ပင်လယ်အော် ရှိ အကျဉ်းစခန်းကို ပိတ်ပင်ပြီး အကျဉ်းသားများကို လူမဆန်စွာ သို့တည်းမဟုတ် အဆင့်နိမ့်ကျစွာ နှိပ်စက်ညှဉ်းပန်းနေသည့် လုပ်ရပ်ကို ရှောင်ကြဉ်ရန် ကုလသမဂ္ဂက စာမျက်နှာ ၅၄ မျက်နှာပါ အစီရင်ခံစာကို ကြာသပတေးနေ့တွင် ထုတ်ပြန်ခဲ့သည်။

ကုလသမဂ္ဂမှ ကျွမ်းကျင်သူငါးဦးက အကျဉ်းသားဟောင်းများ ပြည်သူသို့ ဖြန့်ဝေသည့် မှတ်တမ်းမှတ်ရာများ၊ မီဒီယာသတင်းဖော်ပြချက်များ၊ ရှေ့နေများနှင့် အမေရိကန်အစိုးရ၏ မေးခွန်းများ စာရင်းများကို မူတည်ကာ အကျဉ်းရုံးပြီး ပြုစုခဲ့ခြင်းဖြစ်သည်။ ယင်းစုံစမ်းစစ်ဆေးရေး အစီရင်ခံစာသည် အမေရိကန်အစိုးရက ဖြည့်ဆည်းပေးသည့် အထောက်အထား အနည်းငယ်မျှသာ ဖော်ပြထားခြင်းဖြစ်သည်ဟု ဂျီနီဗာရှိ ကုလသမဂ္ဂရုံးဆိုင်ရာ အမေရိကန် သံအမတ်ကြီး ကီဗင်မိုလီက ပြောကြားသည်။

ကုလသမဂ္ဂ ကျွမ်းကျင်သူများက ဂွာတာနာမို အကျဉ်းစခန်းသို့ လေ့လာရေးအစီအစဉ်ကို ပယ်ချခဲ့ကြောင်းလည်း ၎င်းက ပြောကြားသည်။

ဂွာတာနာမိုအကျဉ်းစခန်းသို့ လာရောက်မည့် အစီအစဉ်ကို ငြင်းဆန်ရခြင်းအကြောင်းမှာ အကျဉ်းသားများကို တွေ့ဆုံမေးမြန်းရန်အတွက် အမေရိကန်အစိုးရက ခွင့်မပြုသောကြောင့်ဖြစ်သည်ဟု ၎င်းကျွမ်းကျင်သူများက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

စပိန်နိုင်ငံ ကမ်းခြေ စန်စီဘတ်ခ်တီရန်မြို့၌ ၆စမိုင်နှုန်းရှိလေပြင်းများ တိုက်ခတ်ပြီးထူးကဲဒီရေကြောင့်၃၃ပေရှိလှိုင်းများတက်လာသည်ကို ဖေဖော်ဝါရီ၁၆ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဩစတြေးလျ၊ နယူးဇီလန်၊ ဂျာမနီ သုံးနိုင်ငံစည်းဝေးပွဲ စတင်ကျင်းပ

ကင်ဘာရာ ဖေဖော်ဝါရီ ၁၇

ဩစတြေးလျ၊ ဂျာမနီနှင့် နယူးဇီလန်နိုင်ငံတို့သည် နှစ်ရက်ကြာပြုလုပ်သည့် သုံးနိုင်ငံအစည်းအဝေးကို ဖေဖော်ဝါရီ ၁၆ ရက်တွင် ဩစတြေးလျနိုင်ငံတွင် ပြုလုပ်ခဲ့ကြသည်။

ထိုအစည်းအဝေးသို့ သုံးနိုင်ငံမှ ပညာရှင်များ ကျွမ်းကျင်သူများ တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးတွင် နိုင်ငံတကာနှင့် ဒေသဆိုင်ရာများမှ ပြဿနာများကို ဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါ အစည်းအဝေးကို ဖေဖော်ဝါရီ ၁၆ ရက်တွင် စတင်ကျင်းပပြုလုပ်ခဲ့သည်။ ထိုအစည်းအဝေး၌ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သည် စီးပွားရေးတစ်ဟုန်ထိုး တိုးတက်လျက်ရှိကြောင်း၊ အမေရိကန်နိုင်ငံရေးရာကိစ္စနှင့် နိုင်ငံခြားရေးမူဝါဒကိစ္စတို့ကို ဦးတည်ဆွေးနွေးခဲ့ကြသည်ဟု ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီး အလက်ဇန်ဒါးဒေါင်နာက ပြောကြားသည်။ ကမ္ဘာ့ပြဿနာများတွင် အာရှတိုက်၏ အနေအထား ပိုမိုအရေးပါလာခြင်း အကြောင်းအရာလည်း ပါဝင်ကြောင်း ၎င်းက ပြောဆိုခဲ့သည်။

အာရှတိုက်၏ စီးပွားရေးအခြေအနေသည် တိုးတက်လျက်ရှိကြောင်း ဥရောပတိုက်တွင် စီးပွားရေးနှင့် လုံခြုံရေးအခြေအနေတို့ကို ပိုမိုဂရုစိုက်ရမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။



သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးရေးစီမံကိန်း စင်ကာပူ အကောင်အထည်ဖော်မည်

စင်ကာပူ ဖေဖော်ဝါရီ ၁၇

စင်ကာပူနိုင်ငံသည် ယခုကာလမှ ၂၀၁၀ ပြည့်နှစ်ကာလအထိ အချိန်အတွင်း သိပ္ပံနှင့်နည်းပညာဆိုင်ရာ စတုတ္ထငါးနှစ်စီမံကိန်းကို အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၆ရက်က ထုတ်ဖော်ကြေညာခဲ့သည်။

ထိုစီမံကိန်းအရ ဆိုပါက စင်ကာပူနိုင်ငံကို တီထွင်ဆန်းသစ်မှုအားပေးသော ပညာအခြေခံသည့် စီးပွားရေးနိုင်ငံဖြစ်လာစေရန် ရည်မှန်းထားကြောင်းသိရသည်။ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် ကဏ္ဍနှစ်ရပ်စလုံးတွင် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အားကောင်းလာစေရန် စီမံကိန်းက ဖော်ဆောင်သွားမည်ဖြစ်သည်ဟု ဆိုသည်။

အဓိက စက်မှုစီးပွားရေးလုပ်ငန်းများဖြစ်သည့် အီလက်ထရွန်နစ်၊ ဓာတုဗေဒနှင့် ဇီဝဆေးဝါးပညာ စက်မှုလုပ်ငန်းနယ်ပယ်များတွင် ထုတ်လုပ်ရေးဆိုင်ရာ နည်းပညာသစ်များ ထွက်ပေါ်လာအောင် သုတေသနပြုလုပ်သွားပြီး တွေ့ရှိချက်များကို ကုန်ထုတ်လုပ်ရေးကဏ္ဍသို့ အမြန်ဆုံးရောက်ရှိအောင် လွှဲပြောင်းပေးသွားမည်ဖြစ်သည်။

စင်ကာပူနိုင်ငံသည် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် နိုင်ငံ၏ ပြည်တွင်း စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ)၏ သုံးရာခိုင်နှုန်းကို မြှုပ်နှံသုံးစွဲသွားမည်ဖြစ်သည်။***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်တွင် တာဝန်ထမ်းဆောင်နေသည့်ဗြိတိသျှတပ်ဖွဲ့ဝင်များ စိတ်ပိုင်းဆိုင်ရာ ဝေဒနာများ ခံစားနေရ

လန်ဒန် ဖေဖော်ဝါရီ ၁၇

ဗြိတိန်အမျိုးသား တပ်ဖွဲ့ဝင်နှင့် အမျိုးသမီးတပ်ဖွဲ့ဝင် ၁၃၃၃ ဦးထက်မနည်းသည် အီရတ်နိုင်ငံတွင် တာဝန်ထမ်းဆောင်ပြီးခဲ့သည့်နောက် စိတ်ကျန်းမာရေးနှင့်စပ်လျဉ်းသည့် ဝေဒနာများကို ခံစားခဲ့ရကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ကြာသပတေးနေ့တွင် ပြောကြားသည်။ စစ်ပြန်များအုပ်စုက ယင်းဝေဒနာခံရသူ ဦးရေပိုမိုမြင့်မားလာနိုင်သည်ဟု သတိပေးထားသည်။

ဖော်ပြပါ ဦးရေသည် အီရတ်တွင် တာဝန်ထမ်းဆောင်နေသည့် တပ်ဖွဲ့ဝင်များ၏ ၁ဒသမ ၅ ရာခိုင်နှုန်းသာရှိကြောင်း၊ ယင်းသို့ စိတ်ကျန်းမာရေးဆိုင်ရာ ဝေဒနာအားလုံးသည် စိတ်ဖိစီးမှုနှင့် သက်ဆိုင်ခြင်းမရှိကြောင်း အဆိုပါဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

၎င်းတို့သည်တစ်နည်းမဟုတ်တစ်နည်း ယင်းသို့ စိတ်ကျန်းမာရေးဆိုင်ရာ ပြဿနာများနှင့် ကြုံတွေ့နိုင်ဖွယ်ရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

တပ်ဖွဲ့ဝင်၁၃၃၃ဦးအနက်မှတပ်ဖွဲ့ဝင် ၁၈၂ ဦးသည် စိတ်ဖိစီးမှုဆိုင်ရာ ရောဂါဝေဒနာလက္ခဏာများ တွေ့ရှိရပြီး ၂၃၇ ဦးမှာ စိတ်နေစိတ်ထား ပုံမှန်မဟုတ်သည့် ရောဂါလက္ခဏာ တွေ့ရှိရကာ ၆၀၁ ဦးသည် ချင့်ချင့်ချိန်ချိန် ဆုံးဖြတ်နိုင်ခြင်းမရှိသည့် လက္ခဏာများ တွေ့ရှိရသည်။ ကျန်တပ်ဖွဲ့ဝင်များနှင့်ပတ်သက်၍ ကာကွယ်ရေးဝန်ကြီးဌာန (အမ်အိုဒီ)က အသေးစိတ် ဖော်ပြခြင်းမရှိပေ။ အမ်အိုဒီက တပ်ဖွဲ့ဝင်များ၏ ကျန်းမာရေးနှင့် သက်သာချောင်ချိရေးတို့ကို အတိုင်းထက် အလွန်လုပ်ဆောင်ပေးနေကြောင်း၊ စိတ်ပိုင်းဆိုင်ရာ ရောဂါများခံစားနေရသည့် ပုံမှန်တပ်ဖွဲ့ဝင်များနှင့် အရန်တပ်ဖွဲ့ဝင်များအတွက် ကုသရန် ပြည့်စုံလုံလောက်သည့် မူဝါဒ မိမိတို့တွင်ရှိကြောင်း ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ပေကျင်း၌ ထီပေါက်ပြီး လာမထုတ်သောဆုငွေ ယွမ် ၁၇ သန်းရှိ

ပေကျင်း ဖေဖော်ဝါရီ ၁၇

ပေကျင်းမြို့တွင် ယမန်နှစ်က လာရောက်ထုတ်ယူမှုမရှိသော ထီဆုငွေ စုစုပေါင်း ယွမ် ၁၇ သန်း (အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ သန်း) ရှိသည်ဟု ပေကျင်း သတင်းစာက ဖေဖော်ဝါရီ ၁၆ ရက်တွင် ဖော်ပြခဲ့သည်။

လာရောက်ထုတ်ယူမှုမရှိသော ထီဆုများတွင် အများစုမှာ ခရီးသွားဧည့်သည်များဝယ်ယူသော လက်မှတ်များ ဖြစ်သည်။ ၎င်းတို့သည် ထိုဆုငွေကို ထုတ်ယူရန် ပေကျင်းမြို့သို့ ဒုက္ခခံ၍ ပြန်မလာကြခြင်းဖြစ်သည်ဟု ပေကျင်း ထီလုပ် ငန်းအာဏာပိုင်အဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့အပြင် ပေါက်ပြီးသားထီဆုအချို့မှာ ထီလက်မှတ်များကို ဂရုမပြုဘဲထားရှိခြင်း၊ ပျောက်ဆုံးသွားခြင်းတို့ကြောင့် လာရောက်မထုတ်ယူကြခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။

ပေကျင်းမြို့၌ ထီလက်မှတ်အမျိုးအစားပေါင်းလေးခုကိုထုတ်ဝေရောင်းချလျက်ရှိသည်။

တရုတ်နိုင်ငံတွင် ၁၉၈၇ ခုနှစ်တွင် ပေကျင်းထီများကို စတင်ထုတ်ဝေရောင်းချခဲ့သည်။ ထိုထီရောင်းချရမှုမှ ရရှိသော ဝင်ငွေများကို အားကစားလုပ်ငန်းများ၊ လူမှုရေးလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် အဓိကသုံးစွဲသည်။

အမ်အင်အေ၊ ဆင်ဟွာ။

တိဘက်ဒေသရှိပိုတာလာနန်းတော် အဆောက်အအုံကိုတွေ့ရစဉ်။

(ဓာတ်ပုံ - အင်တာနက်)

စိုစွတ်သော တိဘက်ဒေသကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိ

လာဆာ ဖေဖော်ဝါရီ ၁၇

တရုတ်နိုင်ငံ တိဘက်ဒေသရှိ စိုစွတ်သောတိဘက်ဒေသကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း၊ စိုစွတ်သောကုန်းမြေဒေသများ ခြောက်သွေ့မှုမရှိစေရန် ဆောင်ရွက်ခြင်းဖြင့် မိမိတို့နိုင်ငံ၏ သဘာဝပေါက်ပင်များစည်ပင်တိုးပွားမှုကို အကျိုးပြုကြောင်း တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၃ရက်တွင် ပြောကြားသည်။

တိဘက်ဒေသရှိ နယ်မြေ ၄ ဒသမ ၉ ရာခိုင်နှုန်းမှာ စိုစွတ်သော ကုန်းမြေဒေသဖြစ်ကြောင်း၊ စိုစွတ်သော ကုန်းမြေဒေသကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် မြေအောက်ရေတည်ရှိမှုကို ထိန်းသိမ်းပေးနိုင်ခြင်း၊ ရေလွှမ်းမိုးမှု ဘေးအန္တရာယ်ကို လျှော့ချပေးနိုင်ခြင်း၊ အောက်ဆီဂျင်ဓာတ်တိုးပွားရေးအတွက် အထောက်အကူပေးနိုင်ခြင်း စသည့် အကျိုးများရရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

၂၀၀၂ခုနှစ်တွင် တိဘက်ဒေသရှိ စိုစွတ်သော ကုန်းမြေဒေသကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် ဒေါ်လာ ၁၁သန်းကျော်သုံးစွဲခဲ့ကြောင်း၊ မွေးမြူရေးတိရစ္ဆာန်များကို စားကျက်၌လွှတ်ထားခြင်း အလွန်အမင်း မပြုလုပ်စေရန် တားမြစ်ပိတ်ပင်ခြင်း၊ အိမ်ရာများကို အလွန်အကျွံတည်ဆောက်မှုမပြုစေရန် တားမြစ်ပိတ်ပင်ခြင်း စသည်တို့ကို ဒေသဆိုင်ရာအာဏာပိုင်များက ပြုလုပ်ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကမ္ဘာပေါ်ရှိ သဘာဝ စိုစွတ်နေသောကုန်းမြေများအနက် အမြင့်ဆုံးနေရာတွင် တည်ရှိသည့် တိဘက်ဒေသစိုစွတ်သော ကုန်းမြေသည် နှစ်စဉ် အောက်ဆီဂျင် တန်ချိန် ၅၇၃၀၀ ထုတ်လုပ်ပေးနိုင်သည်။ စိုစွတ်သောကုန်းမြေများခြောက်သွေ့လာခြင်းဖြင့် မြစ်များရေခန်းခြောက်လာနိုင်ပြီး ဒေသဆိုင်ရာ သဘာဝပေါက်ပင်များ ဆုံးရှုံးစေနိုင်သည်။ ဒေသဆိုင်ရာအာဏာပိုင်များသည် ၂၀၀၂ခုနှစ်မှစ၍ စိုစွတ်သောကုန်းမြေဒေသကိုကန့်သတ်နယ်မြေအဖြစ်ထားရှိသည်။

အင်တာနက်။

ရှေးဟောင်းအီဂျစ် ဂူသင်္ချိုင်းတွင် ဝိုင်အိုးများ တွေ့ရ

လန်ဒန် ဖေဖော်ဝါရီ ၁၇

ရှေးဟောင်းအီဂျစ်နိုင်ငံမှ ကွယ်လွန်သွားသော ဆယ်ကျော်သက်ရွယ် ဘုရင်တစ်ပါးဖြစ်သည့် တူတန်ခမန်ဘုရင်အတွက် ရည်ရွယ်၍ စုဆောင်းထားရှိသော ဝိုင်အိုးများကို ဂူသင်္ချိုင်းအတွင်းတွင်တွေ့ရကြောင်း အပတ်စဉ်ထုတ် နယူးဆိုင်းယင့်တစ်စ် စာစောင်တွင် ဖော်ပြထားသည်။

ထိုဂူသင်္ချိုင်းအတွင်း တွေ့ရှိရသည့် ဝိုင်ဖြူအိုးခြောက်လုံးမှ အကြွင်းအကျန်များကို စပိန်နိုင်ငံ ဘာစီလိုနာတက္ကသိုလ်မှ သုတေသီများက ဓာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်လျက်ရှိသည်။

ဓာတ်ပစ္စည်းများပါဝင်

အဆိုပါ ဝိုင်အိုး ခြောက်အိုးစလုံးတွင် စပျစ်သီးမှ အချဉ်ပေါက်နေသည့် တာတာရစ်အက်စစ်များ ပါဝင်နေသည်ကို တွေ့ရှိရပြီး ဝိုင်တစ်အိုးတွင်မူ စပျစ်နီသီးအခွံနှင့် စပျစ်အရောင်နီစေသည့် ဓာတ်ပစ္စည်းများ ပါဝင်နေသည်ကို စမ်းသပ်တွေ့ရှိရသည်။

ယင်းတွေ့ရှိချက်သည် အံ့သြဖွယ်ကောင်းသည့် တွေ့ရှိချက်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းဆယ်ကျော်သက်ရွယ်ဘုရင်ကွယ်လွန်ပြီးနောက် နှစ်ပေါင်း ၁၆၀၀ ခန့်မတိုင်မီအထိ အီဂျစ်နိုင်ငံတွင် ဝိုင်သုံးစွဲခဲ့သည်ဟု မှတ်တမ်းတင်မထားနိုင်ခြင်းကြောင့်ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဗီယက်နမ်၌ ဆားနှင့် ဆေးရွက်ကြီး တင်သွင်းမှု တန်ချိန်ကန့်သတ်

ဟနွိုင်း ဖေဖော်ဝါရီ ၁၇

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်၌ ဆားနှင့် ဆေးရွက်ကြီး တင်သွင်းမှုပမာဏကို သတ်မှတ်နှုန်းထားအရသာ တင်သွင်းရန် ပြဌာန်းလိုက်ကြောင်း ဗီယက်နမ် စီးပွားရေး တိုင်းမ်သတင်းစာက ဖေဖော်ဝါရီလ ၁၄ရက်တွင် ရေးသားဖော်ပြခဲ့သည်။

သတ်မှတ်

ကုန်သွယ်ရေးဝန်ကြီးဌာနသည် မကြာသေးမီက ဆားနှင့် ဆေးရွက်ကြီးများ တင်သွင်းမှုကို တန်ချိန်ကန့်သတ်သတ်မှတ်ပေးခဲ့သည်။ ဗီယက်နမ်နိုင်ငံသို့ ဆားတန်ချိန် ၂၀၀၀၀၀နှင့် ဆေးရွက်ကြီးတန်ချိန် ၃၈၂၀၄ တင်သွင်းရန် သတ်မှတ်ထားသည်။

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းကမ်းခြေဒေသနှင့် အရှေ့တောင်ပိုင်းဒေသတို့တွင် ဆားထုတ်လုပ်မှု များပြားလာသည်။ အလယ်ပိုင်းဒေသမှ ထွက်ရှိသော စက်ရုံသုံး ဆားများ ပိုမိုထွက်ရှိရန် ဆားကွင်းများကို ပိုမိုတိုးချဲ့ဆောင်ရွက်လျက်ရှိပြီး ၂၀၁၀ ပြည့်နှစ်တွင် ဆားတန်ချိန် ၁ ဒသမ ၅ သန်းကို အခြားအမျိုးအစားပြောင်းလဲ ထုတ်လုပ်ရန်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံသည် ဆားထွက်ရှိနှုန်း ကောင်းလာသည့်အတွက် ပြည်တွင်းသို့ တင်သွင်းသော ဆားများကို လျှော့ချပြီးပြည်ပသို့ ဆားများ ပိုမိုတင်ပို့လျက်ရှိသည်။

တင်သွင်း

စက်ရုံများတွင် သုံးစွဲရန်အတွက် ဗီယက်နမ်နိုင်ငံသည် ၂၀၀၃ ခုနှစ်တွင် သြစတြေးလျနှင့် အိန္ဒိယမှ ဆားတန်ချိန် ၁၀၀၀၀၀ ကို တင်သွင်းခဲ့သည်ဟု ဗီယက်နမ်ဆားလုပ်ငန်းကော်ပိုရေးရှင်းက ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၀၅ ခုနှစ်က စီးကရက်ရောင်းချရမှုသည် ၂၀၀၄ ခုနှစ်ကထက် ၆ ဒသမ ၈ ရာခိုင်နှုန်း ပိုမို များပြားလာသည်ကို သိရှိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အမေရိကန်၏ အာကာသရည်မှန်းချက် အခက်အခဲများနှင့် ကြုံနေရဟုဆို

ဝါရှင်တန် ဖေဖော်ဝါရီ ၁၇

အမေရိကန်နိုင်ငံသည် ၂၀၁၈ခုနှစ်တွင် လကမ္ဘာပေါ်သို့ ဒုတိယအကြိမ် လူလွှတ်တင်ရန်နှင့် နောင်အနာဂတ်တွင် အင်္ဂါဂြိုဟ်ဆီသို့ လူလိုက်ပါသော အာကာသခရီးစေလွှတ်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိသော်လည်း ထိုရည်မှန်းချက်များ ပြည့်မီအောင်ဆောင်ရွက်ရေး အခက်အခဲများနှင့် ကြုံနေရကြောင်း အာကာသအေဂျင်စီ (နာဆာ) အဖွဲ့အကြီးအကဲက ပြောကြားသည်။

အာကာသအေဂျင်စီအနေဖြင့် လုံလောက်သောအကူအညီအထောက်အပံ့များမရရှိလျှင် အာကာသ အစီအစဉ်များတွင် အန္တရာယ်များနှင့် ကြုံတွေ့နိုင်သည်။ ထို့အပြင် အခြားအာကာသပြိုင်ဖက် နိုင်ငံများနှင့်ယှဉ်ပြိုင်ရာတွင်လည်း ဦးဆောင်နေသော အနေအထားမှ အဆင့်လျော့ကျသွားနိုင်ကြောင်း နာဆာအဖွဲ့ အုပ်ချုပ်ရေးမှူး မိုက်ကယ်၏ ရစ်ဖင်က ကွန်ဂရက်အာကာသကော်မတီ ရှေ့မှောက်တွင် အစီရင်ခံတင်ပြခဲ့သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

တရုတ်နိုင်ငံ၏ မဟာတံတိုင်းကို ပြန်လည် တိုင်းတာမည်

ပေကျင်း ဖေဖော်ဝါရီ ၁၈

တရုတ်နိုင်ငံရှိမဟာတံတိုင်းကြီးကို အာကာသမှနေ၍ အဝေးထိန်းနည်းပညာ အသုံးပြုပြီး ပြန်လည်၍ တိုင်းတာမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း တရုတ်ပြည် မဟာတံတိုင်းဌာနက ပြောကြားသည်။

နိုင်ငံတော်မြေပုံ ရေးဆွဲရေး ဗျူရိုမှ ကျွမ်းကျင်သူများ ပူးပေါင်း ဆောင်ရွက်ကြမည်ဖြစ်သည်။

တံတိုင်းကြီးသည် ယခုလက်ရှိ တိုင်းတာမှုများအရ ၇၃၀၀ ကီလိုမီတာ ရှည်လျားသည်ဟု မှတ်တမ်းများ ရှိသော်လည်း ခေတ်မမီသော တိုင်းတာမှုနည်းပညာ၊ ကိရိယာများကြောင့် မှန်ကန်မည် မဟုတ်ချေ။

ယခုအစီအစဉ်အရ တံတိုင်းကြီး၏ အလျားအတိအကျ ရနိုင်ရုံမက ရုပ်ပုံအနေအထားကို မှန်ကန်စွာ ပြုစုထားနိုင်မည်ဖြစ်သည်။ ထို့အပြင် တိုင်းတာရရှိသော မှတ်တမ်းသည် ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရာတွင် သိသာစွာ အရေးပါမည် ဖြစ်သည်ဟုဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ။

တရုတ်နိုင်ငံ၏ ကမ္ဘာ့အံ့သြဖွယ် မှတ်တမ်းဝင် ရှည်လျားလှသော မဟာတံတိုင်းကြီး၏ တစ်စိတ်တစ်ဒေသကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



တန်ဇန်းနီးယားကော်ဖီစိုက်ပျိုးသူများ ပိုမိုထုတ်လုပ်ရန် အားပေး

ဒါရက်ဆလမ် ဖေဖော်ဝါရီ ၁၈

တန်ဇန်းနီးယားနိုင်ငံ ဒုသမ္မတ အလီမိုဟာမက်ရှိန်းက အာဖရိကနိုင်ငံများ၏ ကော်ဖီညီလာခံ ဖွင့်ပွဲတွင် ကော်ဖီစိုက်ပျိုးသူများကိုပိုမိုထုတ်လုပ်ရန် အားပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လတ်တလောအခြေအနေတွင် တန်ဇန်းနီးရားနိုင်ငံသည် နှစ်စဉ် ကော်ဖီတန် ၅၀၀၀၀ ထုတ်လုပ်နေသည်။ ၂၀၁၀ပြည့်နှစ်တွင် တန် ၇၀၀၀၀ နှင့် ၂၀၁၅ခုနှစ်တွင် တန်ချိန် ၁၀၀၀၀၀ ထုတ်လုပ်သွားရန် ရည်မှန်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုနိုင်ငံက နှစ်စဉ်ရရှိနေသော နိုင်ငံခြားဝင်ငွေ စုစုပေါင်းတွင်ကော်ဖီတင်ပို့မှုမှ ရရှိသောဝင်ငွေသည် ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်း အချိုးအစားအထိ ပါဝင်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ပေကျင်းဒေသ ကျေးလက်များတွင် အလုပ်အကိုင်ရရှိရေး ဘွဲ့ရရှိသူ အများအပြား လျှောက်ထား

ပေကျင်း ဖေဖော်ဝါရီ ၁၇

ပေကျင်းမြို့ ကောလိပ်နှင့်တက္ကသိုလ်တို့မှ ဘွဲ့ရရှိသူများသည်ပေကျင်းမြို့ ကျေးလက်ဒေသများတွင် အလုပ်လုပ်ကိုင်ရန်အတွက် လျှောက်ထားခဲ့ကြကြောင်း၊ အဆိုပါ အလုပ်လျှောက်လွှာများကို ဖေဖော်ဝါရီ ၁၅ရက်တွင် လက်ခံခဲ့ ပြီးနောက် လျှောက်ထားသူပေါင်း ၁၈၀၀ ခန့်ရှိကြောင်း သတင်း တစ်ရပ်တွင် ဖော်ပြခဲ့သည်။

၎င်းတို့ကို ရွာ၌ အုပ်ချုပ်ရေးလက်ထောက်များနှင့် တရုတ်ကွန်မြူနစ်ပါတီ၏ ကျေးရွာအတွင်းရေးမှူးနေရာများတွင် တာဝန်ချထားသွားမည်ဖြစ်သည်။ ပေကျင်းမြို့ဒေသနှစ်ခုနှင့် ခရိုင်ခုနစ်ခုရှိ ကျေးရွာ ၃၀၀၀ ကျော်တွင် ထိုလုပ်ငန်း တာဝန်များ ထမ်းဆောင်ရန်ဖြစ်သည်ဟု ပေကျင်း သတင်းစာက ရေးသားဖော်ပြခဲ့သည်။ ကျောင်းသားများသည် ထိုအလုပ်လျှောက်လွှာများကို ပေကျင်းမြို့ ကောလိပ်များနှင့် တက္ကသိုလ်များ၏ အလုပ်ခေါ်သည့် ဝက်ဘ်ဆိုဒ်တွင် မတ်လ ၁၅ ရက်ထိ လျှောက်ထားနိုင်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဓမ္မသံတမန်တော်ကြီးများနှင့် နိုင်ငံအချင်းချင်းဆက်ဆံရေး

သီတဂူဆရာတော်
Dr.အရှင်ဉာဏိဿရ

မြတ်ဗုဒ္ဓပွင့်တော်မူ၍ ကောသလတိုင်း သာဝတ္ထိမြို့တော်သို့ ရောက်ရှိ သီတင်းသုံးနေထိုင်သောအခါ၌ ကောသလတိုင်း သာဝတ္ထိမြို့နှင့် မဒ္ဒတိုင်း ကုက္ကုဋဝတီမြို့တို့အကြား ကုန်ကူးသန်းရောင်းဝယ်မှု ရှိခဲ့သည်။ သာဝတ္ထိမြို့မှ ကုန်သည်တို့သည် ကုက္ကုဋဝတီမြို့သို့ ကုန်ရောင်း ကုန်ဝယ်သွားတိုင်း ထိုမြို့တွင်နန်းစိုက်သော မဟာကပ္ပိနမင်းကြီးထံ ဝင်ရောက်ခစား၍ လက်ဆောင်ပဏ္ဏာများ ဆက်သလေ့ရှိကြသည်။ ကုန်ပစ္စည်းလက်ဆောင်များသာမက သာသနိကလက်ဆောင်များကိုပါ ဆက်သကြရာ ဘုရားပွင့်ရာ မဟာဗောဓိနှင့် ဝေးကွာလှသည့် အစွန်အဖျားအရပ်=ပစ္စန္တ ရဋ္ဌ၌ ထီးနန်းစိုးစံသောဘုရင်ကြီး မဟာကပ္ပိနနှင့် မင်းပရိသတ်အားလုံးတို့သည် **“ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဓမ္မော လောကေသမုပ္ပန္နော၊ သံဃော လောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ”**အစရှိသော သာသနာ့လက်ဆောင်များကိုပါ လက်ခံရရှိ ပူဇော်ခွင့်ရခဲ့ကြသည်။ ထိုသာသနိက လက်ဆောင်သတင်းစကားကိုပင် အကြောင်းပြု၍ မဟာကပ္ပိနမင်းနှင့် မိဖုရားအနောဇာတို့သည် ရတနာသုံးပါးကို ဖူးတွေ့လိုဇောဖြင့် မြစ်အတန်တန် တောတောင်အထပ်ထပ် ခရီးရှည် ခရီးကြမ်း နှင်လာကြကုန်လျက် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်ဝယ် မြတ်ဗုဒ္ဓထံတော်၌ ရဟန်းပြုကြလေကုန်၏။

ဇမ္ဗူဒီပါလုံးကို အုပ်စိုးနေသော ဓမ္မာသောကမင်းတရားသည် တစ်ခါမျှမမြင်ဖူးသော လင်္ကာဒီပမင်းတရား ဒေဝါ နံပိယတိဿထံသို့ လက်ဆောင်ပဏ္ဏာများ အကြိမ်ကြိမ်ပို့၍ အဒိဋ္ဌသဟာယ = လူချင်း မမြင်ဖူးကြသော်လည်း ရင်းနှီးသော မိတ်ဆွေများ ဖြစ်ခဲ့ကြလေသည်။ နောင်သောအခါ (သာသနာတော်နှစ်–၂၃၆တွင်) ဓမ္မာသောကမင်းကြီးက သားတော် မဟိန္ဒမင်းသားနှင့် သမီးတော်သင်္ဃမိတ္တာ၊ မြေးတော် သုမန မင်းသားတို့ကို ရဟန်းပြုစေပြီး တန်ဖိုးမဖြတ်နိုင်သည့် ဓမ္မလက်ဆောင်များကို လင်္ကာဒီပသို့ပို့ခဲ့ရာ လင်္ကာဒီပဘုရင် ဒေဝါနံပိယတိဿသည် ဝမ်းပန်းတသာ ကမ်းလှမ်းကြိုဆိုခဲ့သည်။ နှစ်နိုင်ငံဆက်ဆံမှုသည်လည်း ညီအစ်ကိုရင်းပမာ ချစ်ခင်ရင်းနှီးသော ဆက်ဆံမှုအဖြစ် တိုးတက်ခဲ့သည်။ ထိုဆက်ဆံမှုကို အကြောင်းပြု၍ လင်္ကာဒီပသည်လည်း ဓမ္မဒီပဖြစ်ခဲ့ရသည်။ ဓမ္မသံတမန်တော်ကြီးများသည် စွမ်းနိုင်တော်မူကြပေသည်တကား။

၂၀၀၆ခုနှစ် ဇန်နဝါရီရက်တွင် သီရိလင်္ကာနိုင်ငံ မြို့တော်ကိုလံဘို၏ တောင်ဘက် ပေါကုနဝိတမြို့ကလေး၌ ရွှေကျင်ဂိုဏ်း နှစ်(၁၀၀)ပြည့်ပွဲကို တခမ်းတနား ကျင်းပခဲ့ကြသည်။ လူထုပရိသတ် ၁၀၀၀ ကျော်၊ ဂိုဏ်းပေါင်းစုံသံဃာ ၅၀၀ကျော်တို့ တက်ရောက်ခဲ့သည်။ သီရိလင်္ကာနိုင်ငံ သမ္မတ၊ ဝန်ကြီးချုပ်နှင့် သာသနာရေးဝန်ကြီးတို့လည်း တက်ရောက်ကြည်ညို ဂုဏ်ပြုကြသည်။ ကလျာဏီတက္ကသိုလ်၊ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်၊ ဝိဇ္ဇောဒယကျောင်းတိုက်၊ မဟာဝဇီရာရာမကျောင်းတိုက်၊ မဟာဝိသုဒ္ဓါရာမကျောင်းတိုက်များမှ ကျောင်းတိုက်အကြီးအကဲများ၊ ကလျာဏီတက္ကသိုလ်၊ ဗုဒ္ဓ တက္ကသိုလ်တို့မှ ပါမောက္ခချုပ်များလည်း တက်ရောက်ခဲ့ကြသည်။ မကုဋာရာမ မြန်မာကျောင်းတိုက်မှ သံဃာတော်အပါး၂၀တို့လည်း တက်ရောက်ကြသည်။ ထိုရွှေကျင်ဂိုဏ်း၏နှစ်(၁၀၀)ပြည့်ပွဲကြီးသို့ မြန်မာနိုင်ငံရွှေကျင် ဂိုဏ်းကြီး၏ကိုယ်စား သီတဂူဆရာတော် Dr.အရှင်ဉာဏိဿရ တက်ရောက်ခဲ့သည်။ ထိုပွဲတွင် ဒီလငေါ်ခအရပ် ကန္ဒုဗောဓမြို့ ဝိပဿနာကမ္မဋ္ဌာန်းဌာန၏ အကြီးအကဲ အရှင်ပိယာနန္ဒမထေရ်ကို သီရိလင်္ကာရွှေကျင်ဂိုဏ်းကြီး၏ မဟာနာယက အဖြစ် တင်မြှောက်ကြသည်။ ထိုသံဃမဟာနာယကခန့်အပ်လွှာကို မန္တလေး မြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ရွှေကျင်နိကာယ ဓမ္မသေနာပတိ သံဃရာဇာ သာသနာပိုင် ဘဒ္ဒန္တ အဂ္ဂိယဆရာတော်ကြီးကိုယ်တိုင် လက်မှတ်ရေးထိုး ပေးပို့ခဲ့သည်။ ရွှေကျင်သာသနာပိုင် ဆရာတော်ကြီး၏ ကိုယ်စား သီတဂူ Dr.အရှင်ဉာဏိဿရက ထိုသီရိလင်္ကာ ရွှေကျင် နိကာယ မဟာနာယက ခန့်အပ်လွှာကို သီဟိုဠ်ဝန်ကြီးချုပ်လက်သို့ ပေးအပ်ခဲ့သည်။ သီဟိုဠ်ဝန်ကြီးချုပ်က အရှင်ပိယာနန္ဒမထေရ်အား အပ်နှင်းခဲ့သည်။ ရွှေကျင် သာသနာပိုင်ဆရာတော်ကြီး၏ ဩဝါဒကို Dr. အရှင်ဉာဏိဿရက ဖတ်ကြား၍ ထိုဩဝါဒကထာကို သီရိလင်္ကာ ရွှေကျင်နိကာယ မဟာ နာယကလက်သို့ အပ်နှင်းခဲ့သည်။ ထို့နောက် နှစ် ၁၀၀၀ ကျော်ကာလအတွင်း သီရိလင်္ကာ–မြန်မာနှစ်နိုင်ငံအကြား အပြန်အလှန် သာသနိကလက်ဆောင်များကမ်း၍ သာသနာ့သံတမန်တော်ကြီးများစေလွှတ်ခြင်းနှင့် သီရိလင်္ကာ–မြန်မာ ချစ်ခင်ရင်းနှီးမှုသမိုင်းကို ဟောပြောတင်ပြ ဖတ်ကြားခဲ့သည်။ ဝန်ကြီးချုပ်နှင့်ဝန်ကြီးများ၊ မြန်မာနိုင်ငံမှ သီရိလင်္ကာနိုင်ငံရောက် နိကာယာဓိပတိသံဃာတော်များ (ရွှေကျင်နိကာယ၊ ရာမညနိကာယ၊ အမရပူရနိကာယ)ကအားရဝမ်းသာ သာဓုခေါ်ကြသည်။ သီရိလင်္ကာနှင့်မြန်မာတို့အကြား နှစ်ပေါင်းထောင်ချီ ကြာအောင် ဤမျှခိုင်မြဲသော ချစ်ကြည် ရင်းနှီးမှုနှင့် အပြန်အလှန် အဆက်အသွယ်များ ရှိခဲ့ကြောင်း သိကြရသဖြင့် အလွန်ဝမ်းမြောက် ကြည်နူးကြရသည်။

မြန်မာ–သီရိလင်္ကာ သာသနာ့တမန် အပြန်အလှန်ဆက်ဆံရေးခရီး

သာသနာတော်နှစ် ၂၃၆ခုနှစ်(BC-307)တွင် အသောက မင်းကြီး၏ သားတော် အရှင်မဟိန္ဒမထေရ်ဆောင်ယူခဲ့သော သာသနာတော်ထွန်းကားပြန့်ပွားရာ သီရိလင်္ကာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓသာသနာတော်ကို မူရင်းအတိုင်းစစ်မှန်စွာ ကျင့်သုံးဆဲရှိသော နိုင်ငံတစ်ခုဖြစ်ပါသည်။ သီရိလင်္ကာနိုင်ငံ၌ စတုတ္ထသင်္ဂါယနာတင်ပြီးနောက် အဘယဂိရိဝါသီဂိုဏ်း၊ ဇေတဝနဝါသီဂိုဏ်း၊ မဟာဝိဟာရဂိုဏ်း၊ မဟာဝိဟာရဝါသီဂိုဏ်းဟု ဂိုဏ်းကြီးလေးဂိုဏ်း ကွဲပြားခဲ့သည်။

မြန်မာဘုရင် အနော်ရထာသည် လင်္ကာဒီပဘုရင် သီရိသံဃဗောဓိမင်းထံမှ ပိဋကတ်တော်နှင့် ဗုဒ္ဓစွယ်တော်တို့ကို ပင့်ဆောင်ပူဇော်ခဲ့သည်။ မြန်မာဘုရင် အလောင်းစည်သူသည် လင်္ကာဒီပသို့ ရေကြောင်းခရီးဖြင့် သွားရောက်လည်ပတ်ခဲ့သည်။ မြန်မာဘုရင် နရပတိစည်သူသည် လင်္ကာဒီပဘုရင် ပထမပရက္ကမဗာဟုမင်း၏ တောင်းဆိုချက်အရ သာသနာရေး အကူအညီများပေးခဲ့သည်။ ထိုနရပတိစည်သူမင်း လက်ထက်တွင် ဥတ္တရာဇီဝမထေရ်သည် အသက်၂၀ပြည့်ပြီးသော ဆပ္ပဒ သာမဏေကိုခေါ်၍ သီဟိုဠ်ကျွန်းသို့ ကြွရောက်တော်မူသည်။ ဆပ္ပဒ သာမဏေသည် သီရိလင်္ကာ၌ ရဟန်းအဖြစ်ကိုခံယူရရှိတော်မူပြီး အရှင်ဥတ္တရာဇီဝနှင့်အတူ ပုဂံပြည်သို့ပြန်မလိုက်တော့ဘဲ သီရိလင်္ကာ၌ပင် ပရိယတ္တိကိုသင်ကြားလျက် ၁၀ဝါရသည်အထိ သီတင်းသုံးတော်မူသည်။ ထိုနောက်မှ သီရိလင်္ကာသား ရဟန်းတော်လေးပါးနှင့်အတူ ပုဂံပြည်သို့ ပြန်လည်ကြွရောက်တော်မူသည်။ ပုဂံပြည်၌ သီတင်းသုံးရင်း သဒ္ဒါကျမ်းအဖွင့် နိဒ္ဒေသကျမ်းနှင့် အဘိဓမ္မတ္ထသင်္ဂဟကျမ်းအဖွင့်၊ သင်္ခေပဝဏ္ဏနာဋီကာစသော ကျမ်းများကို ပြုစုစီရင်တော်မူသည်။ ထိုဆပ္ပဒမထေရ်၏ အမည်ရင်းကား အရှင်သဒ္ဓမ္မဇောတိပါလဖြစ်၏။

မြန်မာနိုင်ငံ၌ မိုးညှင်းမင်း (AD. 1426-1439) အုပ်စိုး၍ သီရိလင်္ကာ၌ သိရီပရက္ကမဗာဟုမင်း အုပ်စိုးစဉ် သီရိလင်္ကာမှ သိရီသဒ္ဓမ္မလင်္ကာရထေရ်နှင့်သိရီသီဟဠမဟာသာမိထေရ် နှစ်ပါးတို့ ဗုဒ္ဓဓာတ်တော်ငါးဆူ ပင့်ဆောင်ကာ မြန်မာနိုင်ငံသို့ ကြွရောက်ခဲ့ကြသည်။ လင်္ကာဒီပမှ ပင့်ဆောင်လာသော ဓာတ်တော်ငါးဆူကို ဌာပနာ၍ စစ်ကိုင်းမြို့၌ ရတနာစေတီခေါ် ဆင်များရှင်စေတီကို တည်ထားကိုးကွယ်ခဲ့သည်။ ထို့အပြင် ၎င်းသီရိလင်္ကာသား ရဟန်းများ၏ လမ်းညွှန်ချက်နှင့်အညီ မိုးညှင်းမင်းတရား၏ အမတ်ကြီးရာဇသင်္ကြန်က စေတီတစ်ဆူကို တည်ထားကိုးကွယ်ခဲ့ပြန်သည်။ ထိုစေတီကို သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့ အရှေ့ဘက်၄၅မိုင်ခန့်အကွာ မဟာဝေလီမြစ်အနီးရှိ မဟိယင်္ဂဏစေတီ၏ အမည်နှင့်ပုံစံကိုယူ၍ တည်ထားခဲ့သည်။ ယခုအခါ လူအများက မဟိယင်္ဂဏ အစား မရှိခဏဘုရားဟု ခေါ်ဝေါ်နေကြသည်။ (ပုဂံခေတ် အခေါ်အဝေါ်အရ မဟိဟူသောစကားသည် “မရှိ”ဟု အဓိပ္ပာယ်ရသော ဟူ၏။)

သာသနာတော်နှစ် ၂၀၁၉ခုနှစ်၊ ခရစ်နှစ်၁၄၇၆ခုနှစ်တွင် နန်းတက်သော မြန်မာဘုရင် ဓမ္မစေတီမင်းသည် သီရိလင်္ကာဘုရင် ဘုဝနေကဗာဟုမင်းလက်ထက်တွင် မြန်မာနိုင်ငံသား ရဟန်းတော်များကို သီရိလင်္ကာသို့စေလွှတ်ပြီး သိက္ခာအသစ် ခံယူစေသည်။ သာသနာတော်နှစ်၂၁၂၀ကျော်ကာလ၊ ခရစ်နှစ်၁၅၇၇ခန့်၌ သီရိလင်္ကာကို ဘုရင်လေးဦး နယ်သီးခြားခွဲ၍ အုပ်စိုးခဲ့ကြသည်။ ဘုရင်လေးဦးအနက် ဓမ္မပါလဘုရင် တစ်ဦးသာ ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး ကျန်ဘုရင်သုံးဦးမှာ ဘာသာဝါဒခြားများ ဖြစ်ကြ၏။ ထိုစဉ်က ပေါ်တူဂီနှင့်ဒတ်ချ်တို့က သီရိလင်္ကာ တစ်စိတ်တစ်ဒေသကို လွှမ်းမိုးချုပ်ကိုင်ထားဆဲဖြစ်သည်။ မြန်မာဘုရင် ဘုရင့်နောင်သည် သီရိလင်္ကာဘုရင်ဓမ္မပါလ၏ တောင်းဆိုချက်အရ စစ်တပ်စေလွှတ်၍ ဓမ္မပါလမင်းကို အားပေးကူညီကာ ဗုဒ္ဓသာသနာတော်ကို တည်တံ့ခိုင်မြဲအောင် ကူညီပေးခဲ့သည်။

မျက်မှောက်ခေတ် သီရိလင်္ကာနိုင်ငံ၌ သျှာမနိကာယဂိုဏ်း၊ အမရပုရနိကာယဂိုဏ်း၊ ရာမညနိကာယဂိုဏ်းနှင့် ရွှေကျင်ဂိုဏ်းဟု ဂိုဏ်းကြီးလေးဂိုဏ်းရှိသည်။

သီရိလင်္ကာရွှေကျင်ဂိုဏ်းကို ပထမရွှေကျင်ဆရာတော်ကြီးက အစပျိုးခဲ့သည်။ သီရိလင်္ကာ၌ ရွှေကျင်ဂိုဏ်း စတင်တည်ထောင်သည့်နှစ်ကို လွန်ခဲ့သော အနှစ်တစ်ရာတိတိကဟု အမှတ်အသားရှိသော်လည်း ရွှေကျင်ဆရာတော်ကြီး၏ ဩဝါဒကိုခံယူ၍ ရွှေကျင်ဂိုဏ်း၏ကျင့်ထုံး ဥပဒေသများကို လက်ခံကျင့်သုံးလာသည်မှာ အနှစ် တစ်ရာကျော်ရှိခဲ့ပေပြီ။

ပထမ ရွှေကျင်ဆရာတော်ကြီးသည် သာသနာတော်နှစ် ၂၃၆၆ခုနှစ် ခရစ်နှစ်၁၈၂၃ခု ဝါဆိုလတွင် စစ်ကိုင်းတိုင်း ဝက်လက်မြို့ ရွှေကျင်ရွာ၌ မွေးဖွားတော်မူ၍ သာသနာတော်နှစ်၂၃၈၆ခုနှစ်၊ ခရစ်နှစ်၁၈၄၃ခုနှစ်တွင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ မင်းတုန်းမင်းတရားကြီးသည် ရွှေကျင်ဆရာတော်ကို အလွန်ပင်ကြည်ညိုအားကိုးတော်မူသည်။

ရွှေကျင်ဆရာတော်ကြီးသည် သက်တော်(၃၈)နှစ်အရွယ်တွင် မဟာဓမ္မိကာရာမ ရွှေကျင်တိုက်ကြီးကိုလက်ခံ အုပ်ချုပ်တော်မူခဲ့သည်။ ရွှေကျင်ဆရာတော်ကြီးသည် မိမိ၏ တပည့်ရဟန်း သာမဏေတို့ကို ဝိနည်းတော်နှင့်အညီ ကျင့်သုံးခြင်းဖြင့် ကိုယ်အမူအရာ၊ နှုတ်အမူအရာ ယဉ်ကျေးကြည်ညိုဖွယ်ရာဖြစ်အောင် ဆုံးမတော်မူသဖြင့် ရွှေကျင်ဆရာတော်၏ ဆုံးမဩဝါဒများကို လိုက်နာကျင့်သုံးသူ များပြားလာခဲ့သည်။ ရွှေကျင်ဆရာတော်ကြီး၏ တပည့်များ အနေအထိုင်သိက္ခာ ကျစ်လျစ်သိပ်သည်းခြင်းကြောင့် အများအကြားတွင် ကြည်ညိုဖွယ်ရာ ထင်ရှားလာခြင်းက ရွှေကျင်နိကာယကို စတင်ပေါ်ထွန်းစေခဲ့ခြင်း ဖြစ်သည်။

ရွှေကျင်ဆရာတော်၏ ဘွဲ့အမည်မှာ ဇာဂရမထေရ်ဖြစ်သည်။ မြို့၌နေရသော ရဟန်းအဖြစ်ကို ငြီးငွေ့တော်မူသဖြင့် မင်းနေပြည်တော်မှ အလွန်မဝေးကွာလှသော တောအရပ်၌ တောနေ အရညဝါသီအဖြစ် သီတင်းသုံးတော်မူခဲ့သည်။ ထို့သို့ အရညဝါသီအဖြစ် သီတင်းသုံး နေထိုင်တော်မူစဉ်တွင် သီရိလင်္ကာသို့ ကြွရောက်တော်မူခဲ့ခြင်းဖြစ်သည်။

သီရိလင်္ကာမှ မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိသောအခါ သီရိလင်္ကာသား သံဃာတော်များ၏ လျှောက်ထားတောင်းပန်ချက်ကြောင့် လင်္ကာသာသနဝိသုဒ္ဓိကထာကျမ်းကို သာသနာတော်နှစ်၂၄၂၃ခုနှစ်၊ ခရစ်နှစ် ၁၈၈၀ ပြည့်နှစ်တွင် ရေးသားပြီးစီး၍ သီရိလင်္ကာသို့ ပေးပို့လှူဒါန်းခဲ့သည်။

ရွှေကျင်ဆရာတော်ကြီး၏ သီရိလင်္ကာသာသနာပြုခရီးသည် အမရပုရနိကာယဂိုဏ်းဝင် သံဃာများအကြား ရွှေကျင်နိကာယမျိုးစေ့ကို စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ ရန်ကုန်မြို့ မဟာဓမ္မဒီပိကာရာမကျောင်းတိုက်ကြီး၏ ပဓာနနာယကဖြစ်တော်မူသော ဆရာတော်ကြီး၏တပည့် အရှင်ဝိနယာလင်္ကာရသည် သီရိလင်္ကာနိုင်ငံသို့ စွယ်တော်မြတ် ဖူးမြော်ရန် ကြွရောက်တော်မူခဲ့သည်။ ထိုအရှင်အား မစ္စတာဒိဂုဏဝဓန အပုဟာမိနှင့် ဝလိဂမ်ပေတ္တိယမှ ဒကာများက ဝါဆိုနိုင်ရန်အတွက် ရွာငါးရွာအလယ်တွင် ကျောင်းတစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့သည်။ ထိုကျောင်းသည် သီရိဝိနယာလင်္ကာရ ရွှေကျင်နိကာယ မြန်မာဘုန်းကြီးကျောင်းဟု ထင်ရှားလာသည်။ ဝါဆိုခါနီးကာလတွင် မြန်မာနိုင်ငံမှ ဆရာတော် ဦးဇိနမထေရ် ကြွရောက်တော်မူလာပြီး သာသနာတော်နှစ် ၂၄၄၉ခုနှစ်၊ ခရစ်နှစ်၁၉၀၆ခုနှစ် ဇန်နဝါရီလ၈ရက်နေ့တွင် သီရိလင်္ကာနိုင်ငံ ရွှေကျင်နိကာယ၏ ပထမဦးဆုံး ရဟန်းတော်များအဖြစ် လူငယ်၂၇ ယောက်တို့ကို ဥပသမ္ပဒကံဆောင်၍ ရဟန်းဘောင်သို့ ရောက်စေသည်။ ထိုနေ့ကိုပင် သီရိလင်္ကာ၌ ရွှေကျင်နိကာယပေါ်ထွန်းလာသောနေ့အဖြစ် အသိအမှတ်ပြုထားကြသည်။

သာသနာတော်နှစ် ၂၄၃၉ခု၊ ခရစ်နှစ်၁၈၉၆ခုနှစ်တွင် သာမဏေရှင်အရန်ဂလသိရိဓမ္မသည် သီဟိုဠ်ကျွန်း၌ မီးဘေးသင့်၍ တိမ်ကောပျောက်ကွယ်နေသော ပဋ္ဌာန်းပါဠိတော်အချို့ကို ကူးယူရန်ရောက်ရှိလာသော ဘုန်းတော်ကြီးများနှင့်အတူ မြန်မာနိုင်ငံ မန္တလေး မဟာဝိသုဒ္ဓါရုံတိုက် ဆရာတော်ကြီး အထံတော်သို့ လိုက်ပါလာခဲ့သည်။ သာမဏေသိရိဓမ္မသည် မန္တလေးမှအပြန် ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက်၌ ကျောင်းတော်ရာဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ သီဟိုဠ်သို့ပြန်ကြွသော ဘုန်းတော်ကြီးများနှင့်အတူ လိုက်ပါမသွားတော့ဘဲ မြန်မာပြည်၌ပင် ပဋိကတ်စာပေ ဆက်လက်သင်ကြားရင်း နေရစ်ခဲ့သည်။

အရှင်သိရိဓမ္မသည် ရဟန်းဖြစ်သည့်အချိန်မှစ၍ မြန်မာနိုင်ငံ၌ ကျော်စောထင်ရှားသော ဆရာတော်များအထံ ချဉ်းကပ်ကာ ပိဋကတ်တော်များကို သင်ယူခဲ့သည်။ မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီးသည် အရှင်သိရိဓမ္မအတွက် ကျေးဇူးဥပကာရအများဆုံးသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ဆရာတော်ကြီးသည် အရှင်သိရိဓမ္မအား ပရိယတ္တိဘက်မှာရော ပဋိပတ္တိဘက်မှာပါ ထူးချွန်အောင် သင်ပြတော်မူသည့်အပြင် ပစ္စည်းလေးပါးဖြင့်လည်း ချီးမြှင့်ထောက်ပံ့တော်မူသည်။

ဆရာတော် ကဟာဋပီတိယ သုမတိပါလနာယကထေရ်သည် သာသနာတော်နှစ် ၂၄၅၆ခု၊ ခရစ်နှစ် ၁၉၁၃ခုနှစ်၌ သာမဏေဘဝဖြင့် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဝါယာမ(စမ်းချောင်း) အထံ၌ ဥပသမ္ပဒကံဆောင် ရဟန်းဘောင်သို့ ရောက်ရှိခဲ့သည်။

မြန်မာနှင့်သီရိလင်္ကာနှစ်နိုင်ငံတို့အကြား၌ ဘာသာရေးဆိုင်ရာ စာပေနှင့်ယဉ်ကျေးမှုတို့ အပြန်အလှန် ကျေးဇူးပြုကြကာ ချစ်ကြည်ရင်းနှီးမှု ခိုင်မာခဲ့ကြ၏။ သီရိလင်္ကာနိုင်ငံ ဗုဒ္ဓသာသနာတော်သည် မြန်မာနိုင်ငံ၏ အားပေးကူညီမှု၊ သီရိလင်္ကာသား ရဟန်းရှင်လူ ဗုဒ္ဓဘာသာဝင်တို့၏ နိုးကြားတက်ကြွမှု၊ အမျိုးဘာသာ သာသနာမကွယ်ပျောက်ရလေအောင် ကာကွယ်စောင့်ရှောက်မှုတို့ကြောင့် ရပ်တည်ရှင်သန်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့အကြား သဘောတူစာချုပ်များ ချုပ်ဆို

စီးပွားရေးနှင့် ကျွမ်းကျင်မှု

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့အကြား ချုပ်ဆိုသော စီးပွားရေးနှင့် ကျွမ်းကျင်မှုအတတ်ပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဝေကျန့်ဂေါ်တို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်း-ရှေ့ဖုံး)
(သတင်းစဉ်)

လေကြောင်းပို့ဆောင်ရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့အကြား လေကြောင်းပို့ဆောင်ရေးလုပ်ငန်း ဆိုင်ရာ သဘောတူစာချုပ်ကိုတရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ **General Administration of Civil Aviation** မှ ညွှန်ကြားရေးမှူး **Mr. Yang Yuan Yuan** တို့ လက်မှတ်ရေးထိုးကြစဉ်။
(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

လူစီးရထားတွဲများ ပေးအပ်လှူဒါန်းခြင်း

တရုတ် ပြည်သူ့ သမ္မတ နိုင်ငံ ရထားဝန်ကြီးဌာနမှ ပြည်ထောင်စုမြန်မာနိုင်ငံ ရထားပို့ဆောင်ရေးဝန်ကြီးဌာနသို့ လူစီးရထားတွဲများ ပေးအပ်လှူဒါန်းခြင်းဆိုင်ရာသဘောတူစာချုပ်ကို ပြည်ထောင်စုမြန်မာနိုင်ငံ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရထားဝန်ကြီးဌာန ဝန်ကြီး **Mr. Liu Zhijun**တို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်း-ရှေ့ဖုံး)
(သတင်းစဉ်)

Sub Loan Agreement

တရုတ် ပြည်သူ့ သမ္မတ နိုင်ငံ **EXIM° Bank°** က မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ အမေရိကန်ဒေါ်လာ၃၁၁ဒသမ၅၀သန်း ချေးသည့် **Sub Loan Agreement**စာချုပ်ကို ပြည်ထောင်စုမြန်မာနိုင်ငံ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင် မောင်တင်နှင့် **The Export-Import Bank of China** ဥက္ကဋ္ဌ မစ္စတာ လီရော့ဂူတို့ လက်မှတ်ရေးထိုးကြစဉ်။
(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

နိုင်ငံတကာနယ်ပယ်တွင် မြန်မာနိုင်ငံ၏
တရုတ်ပြည်သူ့သမ္မတနိုင်ငံက မိတ်ဆွေစ

ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားအပြီးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ-နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့သည် ပြည်သူ့ခန်းမဆောင်ကြီး၏ အရှေ့ဘက်ခန်းမကြီး၌ တွေ့ဆုံဆွေးနွေးကြသည်။

တက်ရောက်

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး

ဂုဏ်ပြုတပ်ဖွဲ့ အလေးပြုခြင်းခံယူ

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ-နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံ စိုးဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ-နိုင် မစ္စတာဝမ်ကြားပေါင်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို

လယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင် ဌာန ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူ ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆ ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့် တာ ကြသည်။

အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ- မစ္စတာဝမ်ကြားပေါင်နှင့်အတူ ရထားဝန်ကြီး ကျွင်း၊ Information Industry ဝန်ကြီးဌ နှင့် ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင် သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကွမ်မုန တက်ရောက်ကြသည်။

✪ **ရှေ့ဖုံးမှ**

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ- နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်က ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့် အရာရှိကြီးများနှင့် မိတ်ဆက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ - နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်အား မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ-နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူရန် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စု မြန်မာနိုင်ငံတော် အမျိုးသားသီချင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားသီချင်းတို့ကို တီးမှုတ်သည်။

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ-နိုင်ငံတော်ကောင်စီ

ဗိုလ်ချုပ်အောင်မင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး သန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ် ကျော်ကျော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှု

- ✪ ရှိရင်းစွဲ ချစ်ကြည်မှုနှင့် အိမ်နီးချင်းကောင်းပီသစွာ ဆက်ဆံမှုကို နှစ်နိုင်ငံလုံးက အလေးထားသဖြင့် ချစ်ကြည်မှုမှာ အစဉ်အမြဲ ဖွံ့ဖြိုးတိုးတက်လျက်ရှိ၊
- ✪ နှစ်နိုင်ငံအကျိုးစီးပွားကို အပြန်အလှန်စောင့်ရှောက်ကာ တစ်နိုင်ငံကို တစ်နိုင်ငံက အမြဲတမ်း ထောက်ခံခဲ့၊
- ✪ မြန်မာနိုင်ငံသည် တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy)ကို အစဉ်တစိုက်ကျင့်သုံးခဲ့သဖြင့် တရုတ်နိုင်ငံက ချီးကျူး၊
- ✪ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုကို အလေးထား၊
- ✪ နောင်ကာလတွင်လည်း မိမိတို့အကြား ပူးပေါင်းဆောင်ရွက်မှု တိုးတက်ရန် ဆန္ဒရှိ၊

...တွင် မြန်မာနိုင်ငံ၏အကျိုးစီးပွားနှင့် တိုက်ရိုက်သက်ဆိုင်သည့်ကိစ္စများ ပေါ်ပေါက်လာတိုင်း ...နိုင်ငံက မိတ်ဆွေစစ်၊ မိတ်ဆွေကောင်း ပီသစွာ မြန်မာနိုင်ငံဘက်က မားမားမတ်မတ်ရပ်တည်

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။
(သတင်းစဉ်)

လယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်နှင့်အတူ ရထားဝန်ကြီးဌာန ဝန်ကြီး မစ္စတာ လျို့ကျစ်ကျွင်း၊ Information Industry ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဝမ်ရှီတုန်နှင့် ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကွမ်မုနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

မိမိတို့နှစ်နိုင်ငံအကြား သံတမန်အဆက်အသွယ်ပြုခဲ့သည်မှာ (၅၆)နှစ်ပြည့်မြောက်ပြီဖြစ်ကြောင်း၊ ဤ(၅၆)နှစ်တာကာလအတွင်း မိမိတို့နှစ်နိုင်ငံသည် ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ချက်ကို အခြေခံပြီး အတူတကွလက်တွဲကာ အိမ်နီးချင်း ကောင်းပီသစွာ ဆက်ဆံလာခဲ့ကြကြောင်း၊ နှစ်နိုင်ငံအကြား ရင်းနှီးမှု တစ်နေ့တခြား တိုးတက်ခိုင်မြဲလာလျက်ရှိကြောင်း။

နှစ်နိုင်ငံခေါင်းဆောင်ကြီးများ အမြော်အမြင်ကြီးစွာ ဖော်ဆောင်ခဲ့သည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို မိမိတို့ မျိုးဆက်သစ်ခေါင်းဆောင်များကလည်း နက်နက် ရှိုင်းရှိုင်း ပိုမိုရှင်သန်ခိုင်မြဲစေမှာဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သိပ္ပံနှင့်နည်းပညာ စသည့် ကဏ္ဍစုံတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် ဆန္ဒရှိပါကြောင်း။

နိုင်ငံတကာနယ်ပယ်တွင် မြန်မာနိုင်ငံ၏ အကျိုးစီးပွားနှင့် တိုက်ရိုက်သက်ဆိုင်သည့်ကိစ္စများ ပေါ်ပေါက်လာတိုင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံက မိတ်ဆွေစစ်၊ မိတ်ဆွေကောင်းပီသစွာ မြန်မာနိုင်ငံဘက်က မားမားမတ်မတ် ရပ်တည်ပေးသည့်အတွက် အထူးကျေးဇူးတင်ရှိကြောင်း။

အပြည့်အဝယုံကြည်နေ

မြန်မာနိုင်ငံအပေါ် ဖိအားပေးမှုကို တရုတ်ပြည်သူ့သမ္မတနိုင်ငံက နားလည်စာနာမှုဖြင့် မြန်မာနိုင်ငံဘက်က ဆက်လက် ရပ်တည်ပေးသွားမည်ဟုလည်း အပြည့်အဝ ယုံကြည်နေပါကြောင်း။

မြန်မာနိုင်ငံကလည်း တရုတ်တစ်နိုင်ငံတည်းမူဝါဒကို အစဉ်တစိုက် ကျင့်သုံးလာခဲ့သကဲ့သို့ နောင်တွင်လည်း ဆက်လက်ကျင့်သုံးသွားမှာသာ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်အား မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးစဉ်။
(သတင်းစဉ်)

ဖြစ်ကြောင်း၊ ထိုင်ဝမ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ခွဲခြားမရသော အစိတ်အပိုင်းတစ်ခုအဖြစ် အမြဲတမ်း ခံယူထားပါကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် နားလည်စာနာမှုဖြင့် အစစအရာရာ ကူညီဆောင်ရွက်ပေးမှုများအတွက် များစွာကျေးဇူးတင်ရှိကြောင်း။

တိုးတက်မှုရရှိ

နှစ်နိုင်ငံ ရှည်လျားသည့်နယ်နိမိတ်ဖြင့် ထိစပ်နေသည့်တိုင် ဖြစ်ပေါ်လာသည့် အခက်အခဲများကို အောက်ခြေအဆင့်မှာပင် ညှိနှိုင်းအဖြေရှာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အထူးသဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးနှင့် နှိမ်နင်းရေးလုပ်ငန်းများတွင် မိမိတို့နှစ်နိုင်ငံသည် အောင်မြင်စွာ လက်တွဲဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နယ်စပ်ဖြတ်ကျော် ပုံမှန်ကုန်သွယ်မှုအပိုင်းတွင်လည်း များစွာတိုးတက်မှုရရှိနေပါကြောင်း၊ ဤအစဉ်အလာကောင်းများကို မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းကောင်းပီသစွာ ဆက်လက် စောင့်ထိန်းသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒ(၇)ရပ်နှင့်အညီ စဉ်ဆက်မပြတ် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ဆောင်ရွက်လျက်ရှိသည့် အမျိုးသားညီလာခံ ကျင်းပခဲ့မှုများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများနှင့်ပတ်သက်ပြီး ဆွေးနွေးရာ၌ ယခုခရီးစဉ်အတွင်း နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများနှင့် နားလည်မှု စာချွန်လွှာများ အပါအဝင် သဘောတူစာချုပ် ရှစ်ခုကို လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ရန် စီစဉ်နိုင်ခဲ့ခြင်းအတွက် ကျေးဇူးတင်ရှိကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံက အကူအညီပေးထားသည့် လုပ်ငန်းများအနက် လုပ်ငန်းပြီးပြတ်ရန် ကျန်ရှိနေသေးသည့် အချို့လုပ်ငန်းများ အမြန်ပြီးမြောက်အောင် ဆောင်ရွက်ပေးစေလိုကြောင်း၊ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းရပ်များနှင့် ပတ်သက်ပြီး သီလဝါ စက်မှုဇုန်စီမံကိန်းနှင့် ဆက်စပ်၍ ရန်ကုန်မြစ်ကြောင်းအတွင်း တန်ချိန် ၂၀၀၀၀ ရှိ သင်္ဘောများ ဝင်ထွက်နိုင်ရန် မြစ်ကြောင်းရှင်းလင်းရေး၊ လားရှိုး–မူဆယ် ရထားလမ်း ဖောက်လုပ်ရေး၊ မြိတ်မြို့ မှန်စက်ရုံ တည်ဆောက်ရေး၊ တိုက်ကြီးမြို့ တာယာစက်ရုံတည်ဆောက်ရေး အပါအဝင် လုပ်ငန်းသစ်များ ပူးပေါင်းဆောင်ရွက်ရေးအတွက် ရှင်းလင်းပြောကြားသည်။

နှစ်နိုင်ငံအလေးထား

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က ဆွေးနွေးရာတွင် မိမိတို့နှစ်နိုင်ငံ ရှိရင်းစွဲ ချစ်ကြည်မှုနှင့် အိမ်နီးချင်းကောင်းပီသစွာ ဆက်ဆံမှုကို နှစ်နိုင်ငံလုံးက အလေးထားသဖြင့် ချစ်ကြည်မှုမှာ အစဉ်အမြဲ ဖွံ့ဖြိုးတိုးတက်လျက်ရှိနေပါကြောင်း၊ နှစ်နိုင်ငံ အကျိုးစီးပွားကို အပြန်အလှန်စောင့်ရှောက်ကာ တစ်နိုင်ငံကို တစ်နိုင်ငံက အမြဲတမ်း ထောက်ခံခဲ့ကြကြောင်း။

မြန်မာနိုင်ငံသည် တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy) ကို အစဉ်တစိုက် ကျင့်သုံးခဲ့သဖြင့် တရုတ်နိုင်ငံက ချီးကျူးပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုကို အလေးထားပါကြောင်း၊ နောင်ကာလတွင်လည်း မိမိတို့အကြား ပူးပေါင်းဆောင်ရွက်မှု တိုးတက်ရန် ဆန္ဒရှိပါကြောင်း။

တိုးတက်ရန်ဆန္ဒရှိ

နိုင်ငံတကာ နယ်ပယ်တွင်လည်း နှစ်ဖက် ပူးပေါင်းဆောင်ရွက်မှု တိုးတက်ခြင်းဖြင့် နှစ်ဖက်အကျိုးစီးပွား ကာကွယ်မှုကို တိုးတက်စေရန် ဆန္ဒရှိကြောင်း၊ အပြန်အလှန် ချစ်ကြည်သော ဆက်ဆံရေးနှင့် နှစ်ဖက်အကျိုးရှိသည့် ပူးပေါင်းဆောင်ရွက်မှုများကို တွန်းအားပေးသွားကြရမည် ဖြစ်ကြောင်း။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ★

ချစ်ကြည်ရေးခရီးစဉ်

တွေ့ဆုံဆွေးနွေးပွဲတွင် နှုတ်ဆက်စကားပြောကြားကြပြီးနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ဆွေးနွေးရာ၌ နှစ်နိုင်ငံအကြား ခိုင်မြဲစွာ တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက် ခိုင်မာသည်ထက် ခိုင်မာစေရန်နှင့် နှစ်နိုင်ငံ အကျိုးတူစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖြစ်ထွန်းလာစေရေးအတွက် မိမိတို့ ဤချစ်ကြည်ရေးခရီးစဉ်ကို လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် မိတ်ဆက်ပေးစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို မြန်မာအစိုးရနှင့်မြန်မာပြည်သူများကသာ ဖန်တီးဖြေရှင်းကြရမှာဖြစ် မြန်မာနိုင်ငံပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ စီးပွားရေးပိတ်ဆို့ခြင်းများကို ပွင့်လင်းစွာဆန့်ကျင်

★ စာမျက်နှာ ၉ မှ

တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာပြည်သူများအပေါ် ထားရှိသည့် ချစ်ကြည်မှုသံယောဇဉ်ကို ဖော်ပြသည့်အနေဖြင့် တရုတ်နိုင်ငံက မြန်မာနိုင်ငံအား ယွမ်သန်း ၇၀ ထောက်ပံ့ကူညီမည်ဖြစ်ကြောင်း၊ ထို့ပြင် သက်သာသောအတိုးနှုန်းဖြင့် ချေးငွေ အမေရိကန်ဒေါ်လာသန်း ၂၀၀ကိုလည်း ပေးသွားမှာဖြစ်ကြောင်း၊ အဆိုပါချေးငွေဖြင့် ပေနက်ရေနံတွင်းတူးစက် ဝယ်ယူရန်နှင့် နှစ်ဦးနှစ်ဖက်သဘောတူညီထားသည့် လုပ်ငန်းစီမံကိန်းများတွင် အသုံးပြုရန်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဆက်လက်၍ နှစ်နိုင်ငံကုန်သွယ်မှု ပူးပေါင်း ဆောင်ရွက်ရေးတိုးမြှင့်ဆောင်ရွက်နိုင်ရန် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံမှ ကုန်ပစ္စည်း ၁၃၃မျိုးကို အခွန်သက်သာခွင့်ပေးထားပြီး ပို့ကုန် ၈၇မျိုးကိုလည်း အခွန်ကင်းလွတ်ခွင့်ပေးခဲ့ကြောင်း။

ထို့ပြင် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့နိုင်ရန် မြန်မာနိုင်ငံ၏ ရေနံသဘာဝဓာတ်ငွေ့ ကဏ္ဍတွင် တရုတ်ကုမ္ပဏီများ ပါဝင်ဆောင်ရွက်မှုကို အားပေးရန် တိုက်တွန်းလိုကြောင်း။

သီလဝါ အထူးစီးပွားရေးဇုန်ထူထောင်မှုကို မိမိတို့ အဆက်မပြတ်အကူအညီပေးသွားမှာ ဖြစ်ပါကြောင်း၊ ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို မြန်မာနိုင်ငံနှင့် ပိုမိုပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း၊ အထူးသဖြင့် အာဆီယံ+၁၊ အာဆီယံ+၃ နှင့် မဲခေါင်မြစ်ဒေသ ဖွံ့ဖြိုးရေးတို့တွင် အပြန်အလှန် အကူအညီပေးသွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ သဘောတူညီပြီးဖြစ်သည့် စီမံကိန်းများပြီးစီးအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်လျက်ရှိ

ရေအား လျှပ်စစ်စီမံကိန်းများ၊ မီးရထားလမ်းစီမံကိန်းများတွင် ပူးပေါင်းဆောင်ရွက်ရန်ဆန္ဒရှိကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုအတွက် အခြေခံတည်ဆောက်ရေးတွင် အကူအညီများ ပေးသွားမည်ဖြစ်ကြောင်း။

တရုတ်–မြန်မာ နှစ်နိုင်ငံဆက်ဆံရေးနှင့်ပတ်သက်၍ မူးယစ်ဆေးဝါး ပပျောက်ရေးကို မြန်မာနိုင်ငံမှ ဆောင်ရွက်ချက်များ အောင်မြင်မှုရနေသကဲ့သို့ မိမိတို့နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများတွင်လည်း အောင်မြင်မှုများရရှိနေကြောင်း။

မိတ်ဆွေကောင်းအနေဖြင့်ဝမ်းမြောက်

တရုတ်နိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံအစိုးရ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး လုပ်ငန်းများတွင် အောင်မြင်မှုများ ရရှိနေသည်ကို မြင်တွေ့ရသဖြင့် မိတ်ဆွေကောင်းအနေဖြင့် ဝမ်းမြောက်ရပါကြောင်း။

တရုတ်အစိုးရ၏ မြန်မာနိုင်ငံအပေါ် ထားရှိသည့်မူဝါဒမှာ ပြောင်းလဲမည်မဟုတ်ကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို မြန်မာအစိုးရနှင့် မြန်မာပြည်သူများကသာ ဖန်တီးဖြေရှင်းကြရမှာ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ စီးပွားရေးပိတ်ဆို့ခြင်းများကို ပွင့်လင်းစွာဆန့်ကျင်ကြောင်း၊ ကုလသမဂ္ဂလုံခြုံရေး ကောင်စီတွင် မြန်မာနိုင်ငံကိစ္စ တင်သွင်းခြင်းကိုလည်း ဆန့်ကျင်ကြောင်း။

မိတ်ဆွေအဖြစ်ကူညီ

မြန်မာနိုင်ငံ၏ ဒီမိုကရေစီလမ်းစဉ်ဖော်ဆောင်ရေး လုပ်ငန်းများ အောင်အောင်မြင်မြင် ဖြစ်ထွန်းလာစေရန် ဆန္ဒပြုကြောင်း၊ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပေးအပ်သည့်ကူညီမှုများသည် မိတ်ဆွေအဖြစ် ကူညီပေးခြင်းသာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အဆွေတော်ဝန်ကြီးချုပ်၏ ဆွေးနွေးချက်များအတွက် ကျေးဇူးတင်ပါကြောင်း၊ အဆွေတော် ဝန်ကြီးချုပ်နှင့် ဇနီးတို့ အခါအခွင့်သင့်သည့်အခါ မြန်မာနိုင်ငံသို့ လာရောက်ရန် ဖိတ်ကြားပါကြောင်းဖြင့် ပြောကြားသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✧

မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် တရုတ်ပို့ကုန်သွင်းကုန်ဘဏ်တို့အကြားချုပ်ဆိုသည့် ယူရီးယားဓာတ်မြေဩဇာစက်ရုံစီမံကိန်းအတွက် ငွေချေးစာချုပ်ကို ပြည်ထောင်စု မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် The Export Import Bank of China ဥက္ကဋ္ဌ မစ္စတာ လီရော့ဂူတို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ဆက်သွယ်ရေးကွန်ရက်စနစ် တည်ဆောက်ရေး စီမံကိန်းအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ZTE Corporation တို့၏လုပ်ငန်းများဆောင်ရွက်ရန်စာချုပ်ကို ပြည်ထောင်စု မြန်မာနိုင်ငံ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ZTE Corporation ဥက္ကဋ္ဌ မစ္စတာယင်ယီမင်တို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း အဆင့်(၂)အတွက် လျှပ်စစ်နှင့်စက်မှုပစ္စည်းကိရိယာများ ပေးသွင်းရေးစာချုပ်ကို ပြည်ထောင်စု မြန်မာနိုင်ငံတော် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan Machinery and Equipment Import and Export Co., Ltd. ဥက္ကဋ္ဌ မစ္စတာဖုန်ကီတို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

(19-2)10.P65 1 1/1/32, 10:45 AM

✪ ကျောဖုံးမှ

ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးမျိုးတင့်၊ ဇနီး ဒေါ်မော်မော်မြင့်နှင့် ကောင်စစ်ဝန်ချုပ်ရုံးဝန်ထမ်းများ၊ မိသားစုများက ကြိုဆိုကြသည်။

ထို့ပြင် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့အား တရုတ်အမျိုးသမီးငယ်နှစ်ဦးနှင့် မြန်မာကလေးငယ်နှစ်ဦးတို့ကလည်း ဂုဏ်ပြုပန်းစည်းများကို ဂါရဝပြု ပေးအပ်ကြသည်။

ထို့နောက် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ကူမင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ် အထူးဧည့်ခန်းမ၌ ခေတ္တရပ်နားကြသည်။

ထိုသို့ခေတ္တရပ်နားစဉ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ယူနန်ပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာ ချင်ကွမ်းရှန်တို့သည် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှုတ်ဆက်စကားပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ကူမင်းမြို့မှ ဆက်လက်ထွက်ခွာလာကြရာ ပေကျင်းမြို့ မြို့တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် မွန်းလွဲ ၂နာရီ ၄၅မိနစ်တွင် ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီးဒေါ်သန်းသန်းနွဲ့နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဈွေ့ထရန်ခိုင်က လေယာဉ်လှေကားထိပ်မှ ခရီးဦးကြိုဆိုနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူသည်။

ထို့နောက် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးမစ္စတာကွမ်မု၊ ဇနီးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၏ ဇနီးဒေါ်နွဲ့နွဲ့ဟန်၊ စစ်သံမှူး ဗိုလ်မှူးကြီးစိန်ကျော့နှင့် ဇနီးဒေါ်ကြည်ကြည်ဦး၊ မြန်မာသံရုံး၊ စစ်သံရုံး ဝန်ထမ်းများနှင့် မိသားစုများက ဂါရဝပြုကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ပေကျင်းမြို့ရှိ ခေတ္တတည်းခိုမည့် ထျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာသို့ ရောက်ရှိရပ်နားကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့အား ပေကျင်းမြို့ မြို့တော်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများက ဂါရဝပြုကြိုဆိုကြစဉ်။ (အပေါ်ပုံနှင့် အောက်ပုံ) (သတင်းစဉ်)

✧ စာမျက်နှာ ၁၀ မှ

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ – နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်က အဆွေတော်၏ ဖိတ်ကြားချက်ကို ကျေးဇူးတင်ဝမ်းမြောက်စွာ လက်ခံပါကြောင်း ပြန်လည်ပြောကြားပြီး တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့အကြား နှစ်နိုင်ငံ သဘောတူစာချုပ်များ၊ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို နှစ်နိုင်ငံ ဝန်ကြီးချုပ်များ၏ တွေ့ဆုံဆွေးနွေးပွဲအပြီး ညနေ ၆နာရီခွဲတွင် ပြည်သူ့ခန်းမဆောင်ကြီး၏ ဟေဘေးခန်းမ၌ ဆက်လက်ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ – နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့အကြား ချုပ်ဆိုသော စီးပွားရေးနှင့် ကျွမ်းကျင်မှုအတတ်ပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် (Agreement on Economic and Technical Cooperation Between the Government of the Union of Myanmar and the Government of the People's Republic of China) ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဝေကျန့်ဂေါ်တို့က လက်မှတ်ရေးထိုးကြပြီး သဘောတူ စာချုပ်ကို အပြန်အလှန် လဲလှယ်ကြသည်။

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့ အကြား လေကြောင်းပို့ဆောင်ရေး လုပ်ငန်းဆိုင်ရာ သဘောတူစာချုပ်(Air Services Agreement Between the Government of the Union of Myanmar and the Government of the People's Republic of China) ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ General Administration of Civil Aviation မှ ညွှန်ကြားရေးမှူး Mr. Yang Yuan Yuan တို့က လက်မှတ်ရေးထိုးကြပြီး သဘောတူစာချုပ်ကို အပြန်အလှန်လဲလှယ်ကြသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရထားဝန်ကြီးဌာနမှ ပြည်ထောင်စုမြန်မာနိုင်ငံ ရထားပို့ဆောင်ရေးဝန်ကြီးဌာနသို့ လူစီးရထားတွဲများ ပေးအပ်လှူဒါန်းခြင်းဆိုင်ရာ သဘောတူစာချုပ် (Agreement on the Ministry of Railways of the People's Republic of China Donating Passenger Coaches to the Ministry of Rail Transportation of the Union of Myanmar) ကို ပြည်ထောင်စုမြန်မာနိုင်ငံ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရထားဝန်ကြီးဌာန ဝန်ကြီး မစ္စတာ လျိုကျစ်ကျွင်းတို့က လက်မှတ်ရေးထိုးကြပြီး သဘောတူစာချုပ်ကို အပြန်အလှန် လဲလှယ်ကြသည်။

ထို့နောက် မဲခေါင်ဒေသ သတင်းအချက်အလက် အမြန်ဆက်ကြောင်းကြီး စီမံချက်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ချေးငွေထောက်ပံ့မှုဆိုင်ရာ သဘောတူညီချက်(Memorandum of Understanding on the Construction of Greater Mekong Information Superhighway Myanmar Section Between Ministry of Communications, Posts and Telegraphs, Union of Myanmar and Ministry of Information Industry, PRC) ကို ပြည်ထောင်စုမြန်မာနိုင်ငံ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Information Industry ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဝမ်ရှိတုန်တို့က လက်မှတ်ရေးထိုးကြပြီး သဘောတူညီချက်ကို အပြန်အလှန် လဲလှယ်ကြသည်။

စာချုပ်လဲလှယ်

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank က မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၅၀ သန်း ချေးသည့် Sub Loan Agreement စာချုပ်ကို ပြည်ထောင်စုမြန်မာနိုင်ငံ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့် The Export-Import Bank of China ဥက္ကဋ္ဌ မစ္စတာ လီရော့ဂူတို့က လက်မှတ်ရေးထိုးကြပြီး သဘောတူစာချုပ်ကို အပြန်အလှန် လဲလှယ်ကြသည်။

ထို့နောက် မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်နှင့် တရုတ်ပို့ကုန်သွင်းကုန်ဘဏ်တို့အကြား ချုပ်ဆိုသည့် ယူရီးယား ဓာတ်မြေသြဇာစက်ရုံ စီမံကိန်းအတွက် ငွေချေးစာချုပ် (Loan Agreement for Urea Fertilizer Factory Project Between Myanma Foreign Trade Bank and The Export-Import Bank of China) ကို ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် The Export-Import Bank of China ဥက္ကဋ္ဌ မစ္စတာ လီရော့ဂူတို့က လက်မှတ်ရေးထိုးကြပြီး ငွေချေးစာချုပ်ကို အပြန်အလှန် လဲလှယ်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဆက်သွယ်ရေး ကွန်ရက်စနစ် တည်ဆောက်ရေး စီမံကိန်းအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ZTE Corporation တို့၏ လုပ်ငန်းများဆောင်ရွက်ရန်စာချုပ် (Supply Contract (Phase 1) Between Myanma Posts and Telecommunications and ZTE Corporation for Myanmar National Telecommunication Network Construction Project) ကို ပြည်ထောင်စုမြန်မာနိုင်ငံ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ZTE Corporation ဥက္ကဋ္ဌ မစ္စတာ ယင်ယီမင်တို့က လက်မှတ်ရေးထိုးကြပြီး စာချုပ်ကို အပြန်အလှန်လဲလှယ်ကြသည်။

ထို့နောက် ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း အဆင့်(၂)အတွက် လျှပ်စစ်နှင့် စက်မှုပစ္စည်း ကိရိယာများပေးသွင်းရေး စာချုပ်(Contract for the Supply of Mechanical and Electrical Equipment and Services for Paunglaung Hydropower Project Phase II) ကို ပြည်ထောင်စုမြန်မာနိုင်ငံတော် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan Machinery and Equipment Import and Export Co., Ltd ဥက္ကဋ္ဌ မစ္စတာဖုန်ကီတို့က လက်မှတ်ရေးထိုးကြပြီး စာချုပ်ကို အပြန်အလှန်လဲလှယ်ကြကာ စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း၊ ဇနီးဒေါ်သန်းသန်းနွဲ့နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်က ညနေ ၆နာရီ ၄၅မိနစ်တွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး၏ အနောက်ဘက်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ပြည်ထောင်စုမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ဇနီး၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲ အခမ်းအနား အပြီးတွင် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့် ထျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာသို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉–၂–၂၀၀၆ (တနင်္ဂနွေနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇း၀၅ ဝါသနာရှင်စင်မြင့် (သရုပ်ဆောင်–ထူးအယ်လင်း၊ မီးမီးခဲ)
- ၇း၄၅ Sunday Talk (ကိုကို–စက်မှုတက္ကသိုလ်၊ ဒေါက်တာဇော်သန်း၊ ဦးမျိုးမြတ်သူ)
- ၈း၄၀ တေးဂီတအစီအစဉ်
- ၈း၄၅ ပြည်တွင်းသတင်းအကျဉ်း
- ၈း၅၅ တေးဂီတအစီအစဉ်
- ၉း၀၀ Myanmar Video Rhythm
- ၉း၄၅ ကြံမှသကြား ပြည့်စီးပွား
- ၉း၅၅ တေးဂီတအစီအစဉ်
- ၁၀း၀၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀း၀၅ တေးဂီတအစီအစဉ်
- ၁၀း၁၀ ကော်ဖီထုတ်လုပ်ခြင်းနှင့် ကော်ဖီသောက်သုံးမှု
- ၁၀း၃၀ မိုးလေဝသခန့်မှန်းချက်
- ၁၀း၃၅ တေးဂီတအစီအစဉ်
- ၁၀း၄၀ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်(သဘော်ပင်)
- ၁၀း၅၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၁း၀၀ တေးဂီတအစီအစဉ်
- ၁၁း၀၅ ၂၀၀၄ ခုနှစ် အမျိုးသား စာပေဆုနှင့် တစ်သက်တာ စာပေဆုရရှိသူများ
- ၁၁း၃၀ တေးဂီတအစီအစဉ်
- ၁၁း၃၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁း၄၀ မြန်မာ–ကိုရီးယား နှစ်နိုင်ငံ သံတမန် ဆက်ဆံရေး ထူထောင်ခြင်းနှစ်(၃၀)မြောက် အထိမ်းအမှတ် ခေတ်ပြိုင်ပန်းချီပြပွဲ
- ၁၁း၅၅ တေးဂီတအစီအစဉ်
- ၁၂း၀၀ MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာအစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ(၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း အစီအစဉ်

၇း၃၀ Tottenham-Wigan
လိုင်း 5-Sports(Live)

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း အစီအစဉ်

၁၀း၀၀ ပွဲကြိုသုံးသပ်ချက်
လိုင်း 5-Sports(Live)

၁၀း၂၅ Chelsea-Colchester United
လိုင်း 5-Sports(Live)

၁၂း၅၅ Aston Villa-Man;City
လိုင်း 5-Sports(Live)

Series-A ဘောလုံးပွဲစဉ်များ

ညပိုင်း အစီအစဉ်

၈း၃၀ Roma-Empoli
လိုင်း 5-Cartoons (Live)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ စိမံရေးရာဌာန-ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်နှင့် ဌာနကြီးမှူးများ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်မာမာဝေတို့ ရန်ကုန်အနောက်ပိုင်း အထွေထွေရောဂါကု ဆေးရုံကြီး သန့်ရှင်းရေး၊ စိမ်းလန်းစိုပြည်ရေး စုပေါင်းဆောင်ရွက်မှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။ (၁၉)

ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး သန့်ရှင်းရေး စိမ်းလန်းစိုပြည်ရေး စုပေါင်းဆောင်ရွက်ပွဲနှင့် ဆေးပဒေသာပင် စိုက်ထူလှူဒါန်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဦးဆောင်၍ ရန်ကုန်အနောက်ပိုင်းအထွေထွေရောဂါကုဆေးရုံကြီး သန့်ရှင်းရေး၊ စိမ်းလန်းစိုပြည်ရေး စုပေါင်းဆောင်ရွက်ပွဲနှင့် ဆေးရုံကြီးအတွက် ဆေးပဒေသာပင်စိုက်ထူ အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဆေးရုံကြီး၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် ကော်မတီဝင်များ၊ သက်ဆိုင်ရာဌာနမှူးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယနေ့နံနက် ၆နာရီတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ စိမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေနှင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရန်ကုန်အနောက်ပိုင်း အထွေထွေရောဂါကုဆေးရုံကြီး ဝန်ထမ်းများ စုပေါင်း၍ အင်အား ၅၀၀ တို့သည် ဆေးရုံကြီးဝင်းအတွင်း၌ ချုံနွယ်ပိတ်ပေါင်းများခုတ်ထွင်ခြင်း၊ အမှိုက်များ၊ မြက်များရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ခြင်းလုပ်ငန်းများကို တပျော်တပါး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဦးဆောင်ကာ ရန်ကုန်အနောက်ပိုင်း အထွေထွေရောဂါကုဆေးရုံကြီးသို့ ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ဆေးရုံကြီးခန်းမ၌ ကျင်းပရာ အစီအစဉ်အရ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်က ငွေပဒေသာပင်စိုက်ထူ လှူဒါန်းပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်အနောက်ပိုင်း အထွေထွေရောဂါကု ဆေးရုံကြီးသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် တာဝန်ရှိသူများက အလှူငွေကျပ်နှစ်သိန်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက ငွေကျပ်တစ်သိန်း၊ ဗိုလ်မှူးချုပ်စည်သူတင်ဖေ(ငြိမ်း)- ဒေါ်မြတ်လေး မိသားစုကငွေကျပ်တစ်သိန်း၊ ဒေါ်အေးမြတ်နွယ် (သီရိသုခမ္မသီဂီ) AMN အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်က ငွေကျပ်သုံးသိန်း၊ ဦးစိုးမောင်-ဒေါ်မြင့်မြင့်မြကန်သာ(၃)လမ်း လှိုင်မြို့နယ်က ငွေကျပ်သုံးသိန်း၊ ဦးဇော်ဇော်နိုင် (မြန်မာနိုင်ငံလုံးဆိုင်ရာ တမီးလ်ဟိန္ဒူဖောင်ဒေးရှင်း)က ငွေကျပ်နှစ်သိန်းခုနစ်ရာ၊ ဦးအာဝါး(ခ)ဦးထွန်းဝင်း၊ ဒေါ်စန်းစန်းမော် စံပြရွှေငါးမိသားစုက ငွေကျပ်နှစ်သိန်း၊ ဦးသိုင်းဝင်း- ဒေါ်ဌေးဌေးညွန့်က ငွေကျပ်နှစ်သိန်း၊ ဦးကျော်ဇင်သိန်း (EZY Music)၊ ဒေါ်ဆယ်(သီဟသုခမ္မသီဂီ ၊ သီရိသုခမ္မသီဂီ၊ အဂ္ဂမဟာသီရိသုခမ္မသီဂီ၊ လူမှုထူးချွန် ပထမဆင့်)၊ ဒေါ်စန်းစန်းရီ(ဝါးဟားဟား Hop Pot) မရမ်းကုန်း၊ ဦးစိုင်းခွန်နောင် (Nice Day Hotel)၊ ဦးချစ်ထွန်း (ဗဟိုစံပြငါးဈေး)၊ ဦးကျော်လှိုင် (ဆောက်လုပ်ရေးကန်ထရိုက်တာ)၊ ဦးဇော်သိန်း (မန်နေဂျင်းဒါရိုက်တာ CCG ဆောက်လုပ်ရေး)၊ ဦးမြတ်ဇင် (မြတ်ဇင် ဂျပန်ကားအပိုပစ္စည်းရောင်းဝယ်ရေး)၊ ဒေါ်အေးအေးသန်း (တော်ဝင်မိသားစု ကုမ္ပဏီ)၊ ဦးချုသန်း၊ (သား)ဦးခိုင်စိုး(မြေလတ်သား ခရီးသွားလုပ်ငန်း)၊ ဒေါက်တာအောင်လွင်-ဒေါ်သက်စန္ဒာ(အောင်မြတ်ဖြိုး ကုမ္ပဏီ)၊ Sun Power ကုမ္ပဏီလီမိတက်၊ K.M.W Trading၊ ဦးသိန်းထွန်း ဆိပ်ကမ်းမြို့နယ်၊ ဦးဝင်းဇော် ဆိပ်ကမ်းမြို့နယ်၊ ဦးမြတ်သိန်း-ဒေါ်ချိုချို (ပန်းရိုးမ ဖိနပ်လုပ်ငန်း)၊ ဦးမြင့်ဆွေ-ဒေါ်အေးအေးသိန်း၊ ဦးရဲအောင် (အောင်မိတ်ဆက် အအေးခန်း ပြည်ရိပ်မွန်)၊ကျောက်တံတားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဦးအောင်ခင်(ရွှေမြိုင်ကျော်ဆောက်လုပ်ရေး)၊ ဦးစစ်ဒစ်(ရန်ကုန် မေမာန်လှမားအသင်း)၊ ဦးခင်မောင်သန်း (Network Marketing ကုမ္ပဏီလီမိတက်)၊ ဒေါ်အေးအေးထွေး(ခ)နီနီ (Nikko Beauty and Skin Care Centre)၊ ဦးတင်လှ(နီလာဒံပေါက်) ပန်းဘဲတန်းမြို့နယ်၊ ဦးကျင်လှိုင် (ဆောက်လုပ်ရေးလုပ်ငန်းရှင်)တို့က ငွေကျပ်တစ်သိန်းစီ၊ ဒေါ်မြင့်မြင့်သွယ်၊ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ ခေါင်းဆောင်က ငွေကျပ် ၅၀၀၀၀ အပါအဝင် အလှူရှင် ၃၆ဦးတို့က အလှူငွေကျပ် ၄၂၅၀၇၀၀ ကို ပေးအပ်လှူဒါန်းကြရာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာတင်ညွန့်၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်နှင့် ရန်ကုန်အနောက်ပိုင်း အထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာဖေဝင်းတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ရန်ကုန်အနောက်ပိုင်း အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာဖေဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က ဦးဆောင်၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဆေးပဒေသာပင် အလှူငွေကျပ်၂၆သိန်း၊တောင်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေး ဆေးရုံကြီး၌ ဆေးပဒေသာပင် အလှူငွေ ကျပ် ၂၀ ဒသမ ၆ သိန်း၊ အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး၌ ဆေးပဒေသာပင် အလှူငွေ ကျပ် ၃၄သိန်း စိုက်ထူလှူဒါန်းနိုင်ခဲ့ပြီး ယခုအကြိမ်သည် စတုတ္ထကြိမ်မြောက် စိုက်ထူလှူဒါန်းခြင်းဖြစ်သည်။

(သတင်းစဉ်)

အထက(၄)ပုဗ္ဗန်တောင် ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်ကကျင်းပရာ ကန်တော့ခံဆရာကြီး ဆရာမကြီးများအား ကန်တော့ပစ္စည်းများဖြင့် ဂါရဝပြုကြစဉ်။ (က-ပ)



မြတ်မော်တင် ဘုရားပွဲတော်ကာလအတွင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရေယာဉ်များပြေးဆွဲမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ဧရာဝတီတိုင်း ငပုတောမြို့နယ် မြတ်မော်တင်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်သို့ သွားရောက်ဖူးမြော်လိုသူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရန် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ အထူးရေယာဉ် "ဗလ" ရေယာဉ်သစ်ကြီးများဖြင့် ပို့ဆောင်ပေးမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

ဗုဒ္ဓပူဇနိယပွဲတော်ကာလဖြစ်သော ဖေဖော်ဝါရီ ၂၇ရက်မှ မတ် ၁၃ရက်အထိ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးမှ ရေယာဉ်များကို ဖေဖော်ဝါရီ ၂၆ရက်မှ မတ် ၁၃ရက်ထိ နေ့စဉ် ရန်ကုန်မြို့ လမ်းသစ်ဆိပ်ကမ်းမှ ညနေ ၃နာရီတွင်လည်းကောင်း၊ ခမောက်မော်မှ နံနက် ၈နာရီတွင် လည်းကောင်း ပြေးဆွဲမည်ဖြစ်ပြီး လက်မှတ်များကို လမ်းသစ်လက်မှတ်ရုံ၌ ကြိုတင်/နေ့ချင်းစနစ်ဖြင့် ရောင်းချပေးမည်ဖြစ်သည်။ ခရီးသည်ခ နှုန်းထားမှာ ရန်ကုန်/ခမောက်မော် ရိုးရိုးတန်း ငွေကျပ် ၂၁၅၀၊ ပထမတန်းငွေကျပ် ၇၇၅၀ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက မြစ်ဝကျွန်းပေါ်ဌာနခွဲ လမ်းမတော်ရုံး ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရန်ကုန်မြို့၊ ဖုန်း ၂၂၂၄၇၂၊ ၂၂၂၄၇၅၊၂၂၂၄၆၉ တို့၌ ဆက်သွယ်စုံစမ်းနိုင်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၉-၂-၂၀၀၆ (တနင်္ဂနွေနေ့)

၁၃၆၇ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၇)ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၁၅ ၂။ **တိပိဋကရေ၊ဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**

၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၄။ နံနက်ခင်းသတင်း

၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာ မင်္ဂလာ

၈:၀၅ ၇။ အတီးပြိုင်ပွဲ

၈:၁၅ ၈။ အရာတော်ရေလှောင်တမံ

၈:၂၅ ၉။ အရေးပြိုင်ပွဲ

၈:၃၀ ၁၀။ International News.

၈:၄၅ ၁၁။ Say it in English

၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး

၁၁:၁၀ ၂။ တေးဂီတအစီအစဉ်

၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်

၁၁:၃၅ ၄။ နိုင်ငံခြား ကာတွန်း ဇာတ်လမ်းတွဲ "Doraemon"

၁၂:၀၀ ၅။ **မြန်မာဗီဒီယိုဇာတ်လမ်း "ချစ်ခြင်းဖွဲ့ မိုးတိမ်" (လူမင်း၊ကြည်လဲ့လဲ့ဦး၊ နှင်းဝတ်ရည်သောင်း) (ဒါရိုက်တာ-ဟိန်းစိုး)**

၁၂:၁၅ ၆။ ကွန်ချောင်းရေလှောင်တမံ

၂:၀၀ ၇။ အကပြိုင်ပွဲ

၂:၁၀ ၈။ **"စည်းကမ်းလိုက်နာ ဘေးကင်းမှာ" (ကျော်ရဲအောင်၊ချစ်သူ၊ ဇော်ဝင်းမောင်၊ မော့စ်၊ လင်းဇာနည်ဇော်၊ပွင့်) (ဒါရိုက်တာ-ခင်ဇော်၊ မြင့်စိုး-ဝ/သရန်ကုန်)**

၂:၂၅ ၉။ အတီးပြိုင်ပွဲ

၂:၃၅ ၁၀။ ရခိုင်ချောင်တံတား

၂:၄၅ ၁၁။ International News.

၃:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ English For Everyday Use.

၄:၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု)(ရုက္ခဗေဒ)

၄:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၅:၀၀ ၆။ တေးဂီတအစီအစဉ်

၅:၁၀ ၇။ စိုက်ပျိုး စွမ်းအားပြည်ထွန်းကား

၅:၂၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်

၆:၀၀ ၉။ ညနေခင်းသတင်း

၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ

၆:၃၅ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အသည်းနှလုံးနဲ့လူသား" (အပိုင်း-၁၂)**

၇:၅၀ ၁၂။ အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှု အသွင်သဏ္ဍာန်နှင့် အနှစ်သာရ (အပိုင်း-၁၉)

၈:၀၀ ၁၃။ ပြည်တွင်းသတင်း

၁၄။ နိုင်ငံတကာသတင်းများ

၁၅။ မိုးလေဝသအခြေအနေ

၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိပြီဆိုရင်" (အပိုင်း-၂၄)**

၁၇။ နောက်တစ်နေ့အစီအစဉ်

၁၈။ အစီအစဉ်ပြီး၏။

ထူးခြားသည့် ညအပူချိန်များ

(၁၈-၂-၂၀၀၆)

နမ့်စန်၊ ပင်လောင်းနှင့် ဟားခါး

၄ဒီဂရီစင်တီဂရိတ်

ရန်ကုန်မြို့ မင်္ဂလာဈေး "ရွှေဇီးကွက်" ပါတိတ်ဆိုင်ပိုင်ရှင် ဦးကျော်ဝင်း-ဒေါ်တင်အေး မိသားစုက အလှူငွေ ကျပ်တစ်သိန်းကို ဖြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂)ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လှူဒါန်းရာ အလုပ်အမှုဆောင် ဒေါ်သီတာရွှေ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန် လည်ပေးအပ်စဉ်။ (က-ပ)



မြန်မာ့ပုလဲလေလံပွဲ တင်ဒါစနစ်ဖြင့်ရောင်းချ ခြောက်နိုင်ငံမှ ရတနာကုန်သည် ၃၅ဦး တက်ရောက်ဝယ်ယူ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ဒူးဇစ်အင်းလျားလိပ်ဟိုတယ်၌ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၏ ပုလဲလေလံတင်ရောင်းချပွဲသို့ ရောက်ရှိလာပြီး ပုလဲအတွဲများတင်ဒါစနစ်ဖြင့် ရောင်းချနေမှုကို ကြည့်ရှုအားပေးသည်။

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၏ "မြန်မာ့ပုလဲ လေလံပွဲ" ကို ယမန်နေ့နံနက် ၈နာရီမှ ဖေဖော်ဝါရီ ၁၉ရက်အထိ ဒူးဇစ်အင်းလျားလိပ်ဟိုတယ်၌ ကျင်းပလျက်ရှိသည်။

မြန်မာ့ပုလဲလေလံပွဲကို နိုင်ငံတော်အတွက် နိုင်ငံခြားငွေ ပိုမိုရရှိပြီး မြန်မာ့ပုလဲဈေးကွက်သည် မြန်မာပြည်တွင် ပြန်လည်ဖြစ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် ရောင်းချခြင်းဖြစ်သည်။

အဆိုပါ မြန်မာ့ပုလဲ လေလံပွဲသို့ နိုင်ငံပေါင်း ခြောက်နိုင်ငံ၊ ကုမ္ပဏီပေါင်း ၂၀မှ ပြည်ပရတနာ ကုန်သည်ပေါင်း ၃၅ဦး တက်ရောက်၍ တင်ဒါစနစ်ဖြင့် ရောင်းချပေးသည်။

မြန်မာ့ပုလဲ လေလံပွဲတွင် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ မြန်မာ့ရေပြင်၌ မွေးမြူထားရာမှ ထုတ်လုပ်ရရှိသည့် ပုလဲများကို အတွဲပေါင်း ၄၂၇ တွဲ၊ ပုလဲလုံးရေ စုစုပေါင်း ၈၂၈၆၄ လုံး၊ အလေးချိန် ၅၃၅၇၁ ဒသမ ၃ မိုမီတို့ကို ရောင်းချခြင်းဖြစ်သည်။

မြန်မာ့ပုလဲအတွဲများကို ယမန်နေ့က တင်ဒါစနစ်ဖြင့် ရောင်းချရာ ပုလဲအတွဲပေါင်း ၅၆တွဲ ရောင်းချရပြီး ယနေ့တွင် ပုလဲအတွဲပေါင်း ၉၁ တွဲ၊ နှစ်ရက်ပေါင်း ပုလဲအတွဲပေါင်း ၁၄၇ တွဲကို ပြည်ပရတနာကုန်သည်များက တင်ဒါစနစ်ဖြင့် ဝယ်ယူကြသည်။

မြန်မာ့ပုလဲလေလံပွဲကို ဖေဖော်ဝါရီ ၁၉ရက် နံနက် ၈နာရီမှ ညနေ ၄နာရီအထိ တတိယနေ့ နောက်ဆုံးနေ့အဖြစ် ဆက်လက် ရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ဒူးဇစ် အင်းလျားလိပ်ဟိုတယ်၌ မြန်မာ့ ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၏ ပုလဲလေလံတင် ရောင်းချပွဲ ကျင်းပရာ ပြည်ပရတနာကုန်သည်များ ပုလဲအတွဲများကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

မြန်မာလိဂ် အဆင့်မြင့်တန်း ဘဏ္ဍာ/အခွန်နှင့် စည်ပင်နိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းကွင်းနှင့် သုဝဏ္ဏကွင်းတို့၌ ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းနှင့် မြို့တော်စည်ပင်အသင်းတို့ အနိုင်ရရှိသွားကြသည်။

အောင်ဆန်းကွင်း

ဘဏ္ဍာ/အခွန် သုံးဂိုး။
(ကျော်ကျော်စိုး-နှစ်ဂိုး၊ လင်းလင်းဦး တစ်ဂိုး)
ဆောက်လုပ်ရေး ဂိုးမရှိ။
ဒိုင်လူကြီး ဦးထွန်းရှင်။

ရှုံးပွဲမရှိစံချိန်တင်ရန် ကြိုးစားနေသော ဘဏ္ဍာ/အခွန်အသင်းသည် ယနေ့ပွဲတွင် ဂိုးပြတ်အနိုင်ရပြီး ရှုံးပွဲမရှိစံချိန်ကိုထိန်းကာ အမှတ်ပေးဇယားကို ဦးဆောင်မြဲ ဦးဆောင်နေသည်။

မျိုးလှိုင်ဝင်း၊ စိုးမြတ်မင်း၊ ဇော်ထိုက်၊ ရန်ပိုင် စသည့် အမာခံကစားသမားအချို့ မပါဝင်သော်လည်း အောင်ကျော်မိုး၊ လွင်ဦးတို့ ဦးဆောင်ကစားလာသော ဘဏ္ဍာ/အခွန်အသင်းက ပြိုင်ဘက်ဟောင်း ဆောက်လုပ်ရေးအသင်းကို ဂိုးပြတ်သွင်းနိုင်ခဲ့သည်။ ဆောက်လုပ်ရေးအသင်းတွင် လာကျဲအိုလွယ်၊ ဆန်းဒေးသိန်း၊ စိုးသီဟအောင်၊ စည်သူသန်းတို့ဖြင့် လူစုံတက်စုံ ပါဝင်ကြသော်လည်း ခြေစွမ်းမပြနိုင်ဘဲ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်ကို ခြေစွမ်းအရရော ဂိုးအရပါ ရှုံးသွားခဲ့ရသည်။

ယနေ့ပွဲအပြီးတွင် ဘဏ္ဍာ/အခွန်က ၁၁ ပွဲ ကစား၊ ၁၁ ပွဲနိုင်၊ သွင်းဂိုး ၄၂ ဂိုး၊ ပေးဂိုးနှစ်ဂိုး၊ ၃၃ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နေပြီး ဆောက်လုပ်ရေးအသင်းက ၁၁ ပွဲ

ဘဏ္ဍာ/အခွန်အသင်း ခေါင်းဆောင် အောင်ကျော်မိုး ခေါင်းတိုက်ဂိုးသွင်းရန် ကြိုးပမ်းမှုကို ဆောက်လုပ်ရေး နောက်ခံလူ ဖျက်ထုတ်စဉ်။ (ကြေးမုံ)

ကစား၊ သုံးပွဲနိုင်၊ သုံးပွဲသရေ၊ ငါးပွဲရှုံး၊ သွင်းဂိုး ခုနစ်ဂိုး၊ ပေးဂိုး ၁၁ဂိုး၊ ၁၂ မှတ်ဖြင့် အဆင့် (၉)နေရာတွင် ရောက်ရှိနေသည်။

ဘဏ္ဍာ/အခွန်အသင်းတွင် ဂိုး- အောင်အောင်ဦး၊ နောက်တန်း- အောင်ထွန်းလင်း၊ အောင်ကျော်မြင့်၊ ထူးကျော်၊ စိုးလင်းထွန်း၊ အလယ်တန်း- ထွန်းထွန်းဝင်း၊ လွင်ဦး(ဇင်မင်းဦး)၊ ရှေ့တန်း - ကျော်ကျော်စိုး၊ အောင်ကျော်မိုး၊ လင်းလင်းဦး (ဖေမောင်မောင်)နှင့် ကျော်သူရ (ကျော်ကျော်ခိုင်) တို့ ပါဝင်ကစားသွားပြီး ဆောက်လုပ်ရေးအသင်းတွင် ဂိုး-ကျော်ဇင်ထက်၊ နောက်တန်း-ကျော်ဇင်ညွန့်၊ မြင့်စိုးထွေး၊ မျိုးဝင်းထွဋ်(နေအောင်)၊ ဇော်မျိုးမင်း၊ အလယ်တန်း- ထွန်းလင်းအောင်၊ စိုးသီဟအောင်၊ ခွန်ဇေယျာထွန်း၊ လာကျဲအိုလွယ် (မင်းမင်းထွန်း) ရှေ့တန်းတွင် ဆန်းဒေးသိန်း၊ သူရခိုင်ကျော်နှင့် စည်သူသန်းတို့ ပါဝင်ကစားကြသည်။

သုဝဏ္ဏကွင်း

မြို့တော်စည်ပင် တစ်ဂိုး။
ကာကွယ်ရေး ဂိုးမရှိ။

မြို့တော်စည်ပင်အသင်းသည် ယနေ့ပွဲအနိုင်ရလိုက်၍ ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ လေးပွဲရှုံး၊ ၁၂ ဂိုးသွင်း၊ ၁၁ ဂိုးပေး၊ ၁၇မှတ်ဖြင့် ဆဋ္ဌမနေရာတွင် ရပ်တည်နေသည်။ ကာကွယ်ရေးအသင်းက နှစ်ပွဲနိုင်၊ လေးပွဲသရေ၊ ငါးပွဲရှုံး၊ ရှစ်ဂိုးသွင်း၊ ၁၃ ဂိုးပေး၊ ၁၀ မှတ်ဖြင့် အဆင့် (၁၂)နေရာတွင် ရောက်ရှိနေသည်။

ယနေ့ပွဲ

ညနေ ၃နာရီခွဲ
(အောင်ဆန်းကွင်း)
တံခွန်နှင့် ပို့ဆောင်ရေး
(သုဝဏ္ဏကွင်း)
လယ်ယာထွက်ကုန်နှင့် သစ်တောရေးရာ

(ကြေးမုံ)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ဦးဖြိုးဝေထက်သည် ကစားဖော်များဖြစ်ကြသော ဦးဉာဏ်ဝင်းမောင်၊ ဦးတင်ထွန်းဝင်း၊ ဦးအောင်ထွန်းလင်း၊ ဦးဝင်းထွဋ်အောင်တို့နှင့်အတူ ယမန်နေ့ညနေပိုင်းတွင် ဒဂုံဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားရာ XX 10-1 ဘောလုံးကို Rapier Iron No. 8 သံတုတ်ဖြင့် ရိုက်လိုက်ရာ ကိုက် ၁၄၀ အကွာအဝေး၌ရှိသော ကျင်းအမှတ် (၆) သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ (သတင်းစဉ်)

ဘုရင့်နောင်ဈေးတွင် ဈေးရောင်း၊ ဈေးဝယ်များဖြင့်စည်ကား ဆန်ဈေးတည်ငြိမ်၊ မြစ်သားကြက်သွန်ဝင်လာ၍ ဈေးကျဆင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ယနေ့သည် အများပြည်သူအလုပ်ပိတ်ရက်ဖြစ်၍ ဘုရင့်နောင်ဈေးတွင် ဈေးရောင်းဈေးဝယ်များ၊ နယ်မှဝင်လာသော ကုန်ကားများဖြင့် သက်ဝင်လှုပ်ရှားလျက်ရှိနေသည်။

ထို့အတူ အနယ်နယ်အရပ်ရပ်သို့ ကုန်စည်ပို့ဆောင်ပေးသည့်ယာဉ်များလည်း အဆက်မပြတ် ထွက်ခွာလျက်ရှိသည်။ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်အသီးသီးမှ ဈေးရောင်း၊ ဈေးဝယ်သူများဖြင့် စည်ကားနေပြီး ဆန်ပွဲရုံအချို့သို့ ကြေးမုံသွားရောက်တွေ့ဆုံရာတွင် ဆန်ဈေးမှာ တည်ငြိမ်လျက်ရှိကြောင်း ပြောကြားကြသည်။

ကျဆင်းလာ

ထို့ပြင် မီးဖိုချောင်သုံးသီးနှံဖြစ်သည့် ကြက်သွန်နီဈေးမှာ ဘုရင့်နောင်ဈေးသို့ မြစ်သားကြက်သွန်များ ဝင်လာသဖြင့် အနည်းငယ်ကျဆင်းလာကြောင်း သိရသည်။

အာလူးဈေးငြိမ်

ရှမ်းပြည်နယ်ထွက် အာလူးအဝင် နည်းလာသော်လည်း မြေလတ်ဒေသ ဆင်ဖြူကျွန်းမှ အာလူးများ ဆက်လက်ဝင်ရောက်လာ၍ ဈေးနှုန်းတည်ငြိမ်ကြောင်းနှင့် မြေပဲဆီ၊ စားအုန်းဆီ၊ မုန့်လုပ်ဆီ စသည်တို့မှာလည်း အရောင်းအဝယ်သွက်လျက်ရှိပြီး မြေလတ်ဒေသ ထွက်ကုန်များဖြစ်သည့် ထန်းလျက်၊ မန်ကျည်းသီး၊ ငရုတ် အမျိုးမျိုးနှင့် ပဲအမျိုးမျိုးတို့မှာလည်း ရာသီသီးနှံများ လှိုင်လှိုင်ပေါပြီဖြစ်၍ ဈေးနှုန်းကျဆင်းလာဖွယ်ရှိကြောင်း သိရသည်။

ထို့အပြင် ဘုရင့်နောင်ပွဲရုံတန်းတွင် ရောင်းချနေသော ရေထွက်ကုန်ပစ္စည်းများဖြစ်သည့် ငါးပိ၊ ပုစွန်ငါးပိ၊ ငါးခြောက် အမျိုးမျိုးနှင့် ငံပြာရည်၊လူသုံးကုန်ပစ္စည်းဈေးနှုန်းများမှာလည်း တည်ငြိမ်လျက်ရှိကြောင်း စုံစမ်းသိရှိရသည်။

(ကြေးမုံ)

ဘုရင့်နောင်ဈေးကွက်တွင် မြန်မာနိုင်ငံအထက်ပိုင်းသို့ တင်ပို့ရန်အတွက် မော်တော်ယာဉ်များပေါ်သို့ ဆန်အိတ်များ တင်ဆောင်နေစဉ်။ (ကြေးမုံ)

မြန်မာပြည် တံခွန်စိုက်တင်းနစ်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာပြည် တံခွန်စိုက် တင်းနစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၈နာရီခွဲက ရန်ကုန်မြို့ သိမ်ဖြူ တင်းနစ်အားကစားပြိုင်ကွင်းတွင် ကျင်းပသည်။

အမျိုးသား အလွတ်တန်းတစ်ဦးချင်းပြိုင်ပွဲတွင် ကျင့်ဟူနှင့် Gleb တို့ အနိုင်ရပြီး အမျိုးသား (၄၅)နှစ်အထက်တစ်ဦးချင်းပြိုင်ပွဲ၌ ကျော်ကျော်ချို လာရောက်မယှဉ်ပြိုင်၍ မြင့်စိုး၊ အမျိုးသား ၃၅ နှစ်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ကျင့်ဟူ၊ အမျိုးသား အသက် (၆၀) အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ဂျွန်နီတို့ အနိုင်ရရှိကြသည်။ အမျိုးသား အသက် (၆၀) အထက် နှစ်ယောက်တွဲပြိုင်ပွဲတွင် အောင်မြင့်-မျိုးညွန့်အတွဲက ဝင်းမြင့်-ကျော်မောင်အတွဲကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသား အသက် (၅၅)နှစ် အထက် နှစ်ယောက်တွဲပြိုင်ပွဲတွင် ထန်ကိုပေါ-ကျော်မြင့်အတွဲက Salbatore-Yiorotro အတွဲကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။ ပြိုင်ပွဲကို နေ့စဉ် နံနက် ၈ နာရီခွဲနှင့် ညနေ ၃ နာရီတို့တွင် ကျင်းပပြီး ဖေဖော်ဝါရီ ၂၄ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

မဲခေါင်ဒေသ သတင်းအချက်အလက် အမြန်ဆက်ကြောင်းကြီး စီမံချက်အတွက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ ချေးငွေထောက်ပံ့မှုဆိုင်ရာ သဘောတူညီချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ **Information Industry** ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဝမ်ရှီတန်တို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

မြန်မာ–တရုတ် နှစ်နိုင်ငံအစိုးရတို့အကြား လက်မှတ်ရေးထိုးခဲ့သော သဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများ

(၁) စီးပွားရေးနှင့် ကျွမ်းကျင်မှုအတတ်ပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်၊

(၂) လေကြောင်းပို့ဆောင်ရေး လုပ်ငန်းဆိုင်ရာ သဘောတူစာချုပ်၊

(၃) တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရထားဝန်ကြီးဌာနမှ ပြည်ထောင်စုမြန်မာနိုင်ငံ ရထားပို့ဆောင်ရေးဝန်ကြီးဌာနသို့ လူစီးရထားတွဲများ ပေးအပ်လှူဒါန်းခြင်းဆိုင်ရာ သဘောတူစာချုပ်၊

(၄) မဲခေါင်ဒေသ သတင်းအချက်အလက် အမြန်ဆက်ကြောင်းကြီး စီမံချက်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ချေးငွေထောက်ပံ့မှုဆိုင်ရာ သဘောတူညီချက်၊

(၅) တရုတ်ပြည်သူ့သမ္မတနိုင်ငံ **EXIM Bank** က မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၅၀ သန်း ချေးသည့် **Sub Loan Agreement** စာချုပ်၊

(၆) ယူရီးယား ဓာတ်မြေသြဇာစက်ရုံစီမံကိန်းအတွက် ငွေချေးစာချုပ်၊

(၇) မြန်မာနိုင်ငံ ဆက်သွယ်ရေးကွန်ရက်စနစ် တည်ဆောက်ရေးစီမံကိန်းအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ **ZTE Corporation** တို့၏ လုပ်ငန်းများဆောင်ရွက်ရန်စာချုပ်၊

(၈) ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း အဆင့်(၂)အတွက် လျှပ်စစ်နှင့် စက်မှုပစ္စည်းကိရိယာများ ပေးသွင်းရေးစာချုပ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့တို့သည် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုး၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၇နာရီတွင် ရန်ကုန်မြို့မှ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိကြသည်။

ခရီးဦးကြိုဆို

ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်နှင့် ယူနန်ပြည်နယ် နိုင်ငံခြားရေးရုံး ညွှန်ကြားရေးမှူးချုပ် မဒမ်ကျိုးဟုန်တို့က လေယာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် လေယာဉ်လှေကားထိပ်မှ ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ချင်ကွမ်းရှန်၊ယူနန်ပြည်နယ် ပြည်သူ့အစိုးရ အထွေထွေအတွင်းရေးမှူး မစ္စတာ ဟွမ်ရိနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ✪

ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့အား ယူနန်ပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာချင်ကွမ်းရှန်နှင့် အဖွဲ့ဝင်များက ယူနန်ပြည်နယ် ကူမင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)